


# ယေရှုခရစ်တော်
# ၏
# အံ့ဩဖွယ်သက်တော်စဉ်

# ယေရှုခရစ်တော်၏ အံ့ဩဖွယ်သက်တော်စဉ်

ယေရှုခရစ်တော်သည် လွန်ခဲ့သောနှစ်ပေါင်းများစွာက အသက်ရှင်နေထိုင်ခဲ့သော သာမန်လူသားတစ်ဦးမျှသာမဟုတ်ပါ။ သမ္မာကျမ်းစာလာအရ သူသည် ဖန်ဆင်းရှင်ဘုရားသခင်ဖြစ်ရုံမျှမက လူသားအားလုံးတို့ကို အပြစ်၊ စာတန်၏ သွေးဆောင်မှုနှင့် သေခြင်းတရားတို့မှ ကယ်တင်ရန်အတွက် အသက်သွေးကိုပေးဆပ်ရန် ဤကမ္ဘာမြေပေါ်တွင် လူသားတစ်ဦးအဖြစ်နေထိုင်ခဲ့သူဖြစ်သည်။ သူသည် ယနေ့တိုင်အသက်ရှင်နေ၍ သူ့ထံသို့ လာရောက်သူမှန်သမျှ ထာဝရအသက်တာကို ပေးစွမ်းနိုင်သူဖြစ်သည်။

ယေရှုခရစ်တော်အား လက်ခံရန် (သို့) ငြင်းပယ်ရန်သည် ကျွန်ုပ်တို့၏ဘဝ (သို့) သေခြင်းတရားနှင့် ဆက်စပ်နေပေသည်။ "သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏သားတော်ကို မရသောသူမူကား အသက်ကိုမရ" (၁ ယောဟန် ၅း၁၂) "သခင်ယေရှုမှတစ်ပါး အဘယ်သူမျှ ကယ်တင်ခြင်းအမှုကို မပြုနိုင်။ ထိုသခင်၏နာမတော်မှတစ်ပါး ငါတို့ကိုကယ်တင်နိုင်သော နာမတစ်စုံတစ်ခုမျှ ကောင်းကင်အောက်လူတို့အပေါ်တွင်မရှိ" (တမန်တော် ၄း၁၂)

ယေရှုခရစ်တော်၏ အံ့ဩဖွယ်သက်တော်စဉ်ကို ဖတ်ရှုခြင်းဖြင့် ဘုရားသခင်၏ စစ်မှန်သောဘုန်းတန်ခိုး သင့်အပေါ်၌ထင်ရှားပါစေ။ "ထာဝရအသက်တာ ရရှိခြင်းမူကား စစ်မှန်သော၊ တစ်ဆူတည်းသော ဘုရားသခင်ဖြစ်တော်မူသော ကိုယ်တော်ကိုငင်း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုငင်း သိကျွမ်းခြင်းပေတည်း" (ယောဟန် ၁၇း၃) ယေရှုအား ကယ်တင်ရှင်နှင့်သခင်အဖြစ် သင်၏နှလုံးအိမ်ဝယ် လက်ခံပြီးပြီလား။ လက်မခံသေးပါက ယနေ့ပင် လက်ခံလိုက်လျှောက်ပါ။

ကျမ်းချက်များကို ဆရာယုဒသန်ပြန်ဆိုသော သမ္မာကျမ်းမှ ထုတ်နုတ်ထားသည်။

အဖုံးဒီဇိုင်း – Edwin B. Wallace

# ယေရှုသည် လူ့အဖြစ်မခံယူမီကပင် တည်ရှိခဲ့ခြင်း

အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူ ရှိတော်မူ၍ ဘုရားသခင်လည်း ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ခပ်သိမ်းသောအရာတို့ကိုလည်း ဖန်ဆင်းတော်မူ၍ နှုတ်ကပတ်တော်ဖန်ဆင်းခြင်းမှ ကင်းလွတ်သောအရာဟူ၍ တစ်စုံတစ်ခုမျှမရှိ။ နှုတ်ကပတ်တော်သည် လူ့ဇာတိအဖြစ်ကိုခံယူ၍ ကျေးဇူးတော်နှင့်၎င်း၊ သစ္စာတော်နှင့်၎င်း ပြည့်စုံလျက် ငါတို့တွင်တည်နေတော်မူ၏။ **(ယောဟန် ၁း၁-၃၊၁၄)**

ယေရှုသည်ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၍ အရာခပ်သိမ်းတို့သည်လည်း ထိုသခင်အဖို့ငှာ ဖန်ဆင်းလျက်ဖြစ်ကြ၏။ သူသည် ခပ်သိမ်းသောအရာမဖြစ်မီ တည်ရှိတော်မူ၏။ **(ကောလောသဲ ၁း၁၆-၁၇)**

ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား နည်းမျိုးစုံဖြင့် ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံးကာလ၌လည်း မိမိသားတော်အားဖြင့်ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ။ ထိုသားတော်အားအလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူပြီး ဤကမ္ဘာလောကကို ဖန်ဆင်းသူလည်းဖြစ်၏။
**(ဟေဗြဲ ၁း၁-၂)**

ယေရှုကလည်း "ငါအမှန်အကန်ဆိုသည်ကား၊ အာဗြဟံမဖြစ်မီ ငါဖြစ်၏" ဟု မိန့်တော်မူ၏။ **(ယောဟန် ၈း၅၈)**

သားတော်ယေရှုကိုကား "အိုဘုရားသခင်၊ ကိုယ်တော်၏ပလ္လင်သည် နိစ္စထာဝရပလ္လင်ဖြစ်ပါ၏။" တဖန်ကျမ်းစာလာသည်မှာ "အိုထာဝရဘုရား၊ ကိုယ်တော်သည်ဦးစွာ၌ ဤကမ္ဘာမြေကြီးကိုတည်တော်မူ၍ မိုးကောင်းကင်သည်လည်း ကိုယ်တော်၏လက်တော်နှင့် ဖန်ဆင်းသောအရာဖြစ်တော်မူ၏။"
**(ဟေဗြဲ ၁း၈၊၁၀)**

# ပရောဖက်များက ယေရှုမွေးဖွားမည့်အကြောင်း ဟောကြားခြင်း

"ထာဝရဘုရားသည် ကိုယ်တော်တိုင် နိမိတ်လက္ခဏာကို သင်တို့အားပေးတော်မူမည်။ ကြည့်ရှုလော့။ သတို့သမီးကညာသည်ပဋိသန္ဓေစွဲယူပြီး သားယောကျ်ားကို ဖွားမြင်၍ ဧမာနွေလဟု မှည့်ခေါ်လတ္တံ့။" **(ဟေရှာယ ၇း၁၄)**

"အိုဗက်လင် ဧဖရက်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ် ဖြစ်သော်လည်း ဣသရေလအမျိုးကို အုပ်စိုးရသောသခင်သည် ငါ့အဖို့ သင်တို့၏အထဲမှာ ပေါ်ထွန်းလတ္တံ့။ ထိုသခင်သည် ရှေးခတ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏" **(မိက္ခာ ၅း၂)**

"အကြောင်းမူကား ငါတို့အတို့ သူငယ်ကိုဖွားမြင်၏။ ငါတို့အား သားတော်ကို သနားတော်မူ၏။ ထိုသူသည် အုပ်စိုးခြင်းအာဏာစက်ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဖက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရအဖ၊ ငြိမ်သက်ခြင်း အရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ အာဏာတော်တိုးတက်ခြင်းနှင့် ငြိမ်သက်တော်မူခြင်းသည် နိစ္စအမြဲရှိလိမ့်မည်။" **(ဟေရှာယ ၉း၆-၇)**

ထိုသူသည် သူတစ်ပါးကမျက်နှာလွှဲ၍ မထီမဲ့မြင်ပြုခြင်းခံရသောသူ၊ ယုတ်ညံ့သူအဖြစ် ငြင်းပယ်ခံရသူ၊ နာကျင်ခြင်းဝေဒနာနှင့် ကျွမ်းဝင်သောသူဖြစ်၏။ သူသည် ငါတို့၏အနာရောဂါဝေဒနာနှင့် ပူဆွေးမှုများကို ခံယူသော်လည်း ဘုရားသခင် ဆုံးမ၍ ဒဏ်ခတ်တော်မူခြင်းကိုရင်း၊ နှိမ့်ချတော်မူခြင်းကိုရင်း ခံရသူအဖြစ် ငါတို့ထင်မှတ် ကြလေပြီ။ ထိုသူသည် ငါတို့လွန်ကျူးခြင်းအပြစ်များကြောင့် နာကျင်စွာထိုးခြင်း၊ နှိပ်စက်ခြင်းကို ခံရလေ၏။ **(ဟေရှာယ ၅၃း၃-၅)**

# ယေရှုကောင်းကင်ဘုံကို စွန့်ခွာ၍ လူ့အဖြစ် ခံယူတော်မူခြင်း

ယေရှုခရစ်တော်သည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်ပြည့်စုံတော်မူ၍ ဘုရားသခင်နှင့်ပြိုင်သောအမှုကို လုယူခြင်းအမှုဟုမထင်မှတ်ဘဲ၊ မိမိဂုဏ်သိက္ခာကို စွန့်၍ အစေခံကျွန်၏သဏ္ဌာန်ကိုယူဆောင်လျက် လူ့အဖြစ်ကို ခံယူတော်မူ၏။ ထိုသို့ လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက် အသေခံခြင်းသာမဟုတ်၊ လက်ဝါးကပ်တိုင်တွင် အသေခံသည့်တိုင်အောင် အစေကျွန်ခံ၍ ကိုယ့်ကိုကိုယ်နှိမ့်ချတော်မူ၏။

**(ဖိလိပ္ပိ ၂း၅-၈)**

ယေရှုကလည်း "ငါသည် ဘုရားသခင့်အထံတော်မှ ထွက်ကြွရောက်လာ၏" ဟု ဆိုလေ၏။ **(ယောဟန် ၈း၄၂)**

ရှေးဦးလူသားအာဒံသည် မြေကြီးကဖြစ်သောကြောင့် မြေသားဖြစ်၏။ ဒုတိယလူ ယေရှုမူကား ကောင်းကင်ဘုံမှဖြစ်သော သခင်ဖြစ်တော်မူ၏။

**(၁ ကော ၁၅း၄၇)**

ခရစ်တော်ဤလောကသို့ ကြွလာသောအခါ "အိုဘုရားသခင်၊ ကိုယ်တော်သည် ယဇ်နှင့် ပူဇော်သက္ကာအလိုတော်မရှိဘဲ အကျွန်ုပ်အဖို့ကိုယ်ခန္ဓာကို ပြင်ဆင်တော်မူပြီ" ဟု ဆိုလေ၏။ **(ဟေဗြဲ ၁၀း၅)**

ထိုသူငယ်တို့သည် အသွေးအသားနှင့် ဆက်ဆံကြသောကြောင့် ခရစ်တော်သည် အသေခံတော်မူသောအားဖြင့် သေခြင်းတရားကိုအစိုးရသောသူတည်းဟူသော မာရ်နတ်၏ တန်ခိုးကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ၎င်း၊ သေဘေးကိုကြောက်၍ တစ်သက်လုံး ကျွန်ခံရသော သူတို့ကို ကယ်လွှတ်ခြင်းငှာ၎င်း၊ ထိုသူငယ်တို့၏အသွေးအသားကို ဆောင်ယူတော်မူ၏။ **(ဟေဗြဲ ၂း၁၄-၁၅)**

# ကမ္ဘာမြေသို့ သက်ဆင်းလာသော ယေရှု၏ ရည်ရွယ်ချက်

အကြောင်းမူကား လူသားသည် သူတစ်ပါးကို စေစားခြင်းငှာမလာ၊ သူတစ်ပါး အစေကိုခံခြင်းငှာ၎င်း၊ မိမိအသက်ကိုစွန့်၍ လူများကိုရွေးခြင်းငှာ၎င်း ကြွလာတော်မူ၏။

**(မာကု ၁၀:၄၅)**

လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှာ ကြွလာသည်။

**(လုကာ ၁၉:၁၀)**

ဘုရားသခင်သည် လောကီသားတို့အပြစ်ရစေခြင်းငှာ သားတော်ကိုစေလွှတ်သည်မဟုတ်ဘဲ၊ ကိုယ်တော်အားဖြင့် ကယ်တင်ခြင်းသို့ရောက်မည့်အကြောင်း စေလွှတ်တော်မူခြင်းဖြစ်၏။ **(ယောဟန် ၃:၁၇)**

ယေရှုက "သမ္မာတရားဘက်၌ သက်သေခံခြင်းငှာ ငါသည် မွေးဖွားခြင်းကိုခံ၍ ဤလောကသို့ ကြွလာပြီ။ သမ္မာတရားနှင့် စပ်ဆိုင်သမျှသောသူတို့သည် ငါ့စကားကို နားထောင်ကြသည်" ဟု မိန့်တော်မူ၏။ **(ယောဟန် ၁၈:၃၇)**

ယေရှုခရစ်သည် အပြစ်ရှိသောသူတို့ကို ကယ်တင်ခြင်းငှာ ဤလောကသို့ ကြွလာတော်မူသည်။ **(၁တိမောသေ ၁:၁၀)**

သားတော်အားဖြင့် ငါတို့အသက်ရှင်စေခြင်းငှာ ဘုရားသခင်သည် တစ်ပါးတည်းသောသားတော်ကို ဤလောကသို့စေလွှတ်တော်မူ၏။

**(၁ ယောဟန် ၄:၉)**

အချိန်ကာလစေ့သောအခါ ငါတို့သည် သား၏အခွင့်အရာကို ခံရမည်အကြောင်း၊ ပညတ်တရားလက်၌ရှိသော ငါတို့ကို ရွေးနှုတ်စေခြင်းငှာ၊ မိန်းမဝမ်း၌ ပဋိသန္ဓေယူ၍ ပညတ်တရားအောက်၌ ဖွားမြင်ရသောသားတော်ကို ဘုရားသခင်သည် စေလွှတ်တော်မူ၏။ **(ဂလာတိ ၄:၄-၅)**

# ယေရှုက သာမန်ထက်ထူးခြားသော မွေးဖွားခြင်း ခံယူခြင်း

ဂါလိလဲပြည် နာဇရက်မြို့၌ ဒါဝိဒ်အမျိုးသား၊ ယောသပ်အမည်ရှိသောသူနှင့် ထိမ်းမြားဆောင်နှင်းရန် မယုက်တင်သေးသော သတို့သမီးကညာဆီသို့ ဘုရားသခင်သည် ကောင်းကင်တမန်ဂါဗြေလကို စေလွှတ်တော်မူ၏။ ထိုသတို့သမီးကညာကား မာရိအမည်ရှိ၏။ ကောင်းကင်တမန်က "မာရိ၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ သင်သည် ဘုရားသခင်ရှေ့တော်၌ မျက်နှာရပြီ။ သင်သည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားကို ယေရှုအမည်ဖြင့် မှည့်ရမည်။ ထိုသားသည်ကား ကြီးမြတ်သောသူဖြစ်၍ အမြင့်မြတ်ဆုံးသော ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ သူ၏နိုင်ငံသည်အဆုံးမရှိရ" ဟု ပြောဆို၏။ မာရိကလည်း "ဤအမှုအရာသည် အဘယ်သို့ဖြစ်လိမ့်မည်နည်း။ အကျွန်ုပ်သည် ယောကျ်ားနှင့် မဆက်ဆံပါ" ဟု ကောင်းကင်တမန်အား ပြန်ပြော၏။ ကောင်းကင်တမန်ကလည်း "သန့်ရှင်းသောဝိညာဉ်တော်သည် သင်၏အပေါ်မှာသက်ရောက်တော်မူ၍ မြင့်မြတ်သော ဘုရားသခင်၏ ဘုန်းတန်ခိုးအာနုဘော်သည် သင့်ကို လွှမ်းမိုးလိမ့်မည်။ ထိုသန့်ရှင်းသော သားသည်လည်း ဘုရားသခင်၏သားတော်ဟု ခေါ်ဝေါ်သမုတ်ခြင်းကိုခံရလိမ့်မည်။ ဘုရားသခင် မစွမ်းဆောင်နိုင်သောအမှုမရှိ" ဟု ပြောဆိုလေ၏။

**(လုကာ ၁း၂၆-၂၇၊၃၀-၃၇)**

"ဒါဝိဒ်အမျိုးယောသပ်၊ သင်၏ဇနီးမာရိကို ထိန်းသိမ်းရမည်အခွင့်ကို မစိုးရိမ်နှင့်။ ဤပဋိသန္ဓေသည် သန့်ရှင်းသောဝိညာဉ်တော်ကြောင့်ဖြစ်၍ သားယောကျ်ားကို ဖွားမြင်လိမ့်မည်။ ထိုသားတော်သည် လူသားတို့အား အပြစ်မှကယ်တင်မည့်သူဖြစ်သောကြောင့် ယေရှုဟု အမည်မှည့်ခေါ်ရမည်" ဟု ကောင်းကင်တမန်ကဆို၏။

**(မဿဲ ၁း၂၀-၂၁)**

# ယေရှုမွေးဖွားခြင်းခံယူခြင်း

ကဲသာဘုရင်ဩဂုတ္တုသည် တစ်နိုင်ငံလုံးကို လူဦးရေစာရင်းယူစေခြင်းငှာ အမိန့်တော်ရှိ၏။ လူအပေါင်းတို့သည် စာရင်းဝင်ခြင်းငှာ မိမိတို့မြို့ရွာအသီးသီးသို့ သွားကြ၏။ ယောသပ်သည်လည်း မိမိထိမ်းမြားဆောင်နှင်းသော ဇနီးမာရိနှင့်အတူ စာရင်းဝင်ခြင်းငှာ ဗက်လင်မြို့သို့သွား၏။ ထိုအခါ မာရိသည် ပဋိသန္ဓေ အရင့်အမာရှိ၏။ ဖွားအံ့သောနေ့လစေ့လျှင် သားဦးကိုဖွားမြင်၍ အဝတ်နှင့်ရစ်ပတ်ပြီး ဧည့်သည်တည်းခိုရာအရပ်၌ သူတို့နေစရာမရှိသောကြောင့် သူငယ်ကို နွားစာခွက်၌ သိပ်ထားလေ၏။ ထိုပြည်မှသိုးထိန်းတို့သည် ညဥ့်အခါ တောအရပ်၌တည်းခိုလျက် မိမိတို့သိုးအုပ်စုကို စောင့်ရှောက်ကြသည်။ ထိုအခိုက် ထာဝရဘုရား၏ ကောင်းကင် တမန်သည် သူတို့အနားမှာပေါ်လာ၍ ပတ်ဝန်းကျင်၌ ထာဝရဘုရား၏ဘုန်းတော် ထွန်းတောက်သဖြင့် သူတို့သည် အလွန်ကြောက်ရွံ့ခြင်းသို့ ရောက်ကြ၏။ ကောင်းကင် တမန်ကလည်း "ကြောက်ရွံ့ခြင်းမရှိကြနှင့်။ လူအပေါင်းတို့အတွက် အလွန်ဝမ်းမြောက် စရာသတင်းကောင်းကို သင်တို့အတွက် ငါဆောင်ယူလာ၏။ ယနေ့တွင် ဒါဝိဒ်၏မြို့၌ သခင်ခရစ်တော်တည်းဟူသော ကယ်တင်ရှင်သည် သင်တို့အဖို့အလို့ငှာ ဖွားမြင်ခြင်းကို ခံတော်မူပြီ။ သူငယ်သည် အဝတ်နှင့်ရစ်ပတ်၍ နွားစာခွက်၌သိပ်ထားလျက်ရှိသည်ကို တွေ့ကြလိမ့်မည်" ဟု ဆိုလေ၏။ ထိုအခိုက် ထိုကောင်းကင်တမန်နှင့်အတူ ကောင်းကင် ဗိုလ်ခြေအများတို့သည် ချက်ခြင်းထင်ရှား၍ "ကောင်းကင်ဘုံဝယ် ဘုရားသခင်သည် ဘုန်းကြီးတော်မူစေသတည်း။ မြေကြီးပေါ်၌လည်း ငြိမ်သက်ခြင်းရှိစေသတည်း။ လူတို့အား မေတ္တာဂရုဏာရှိစေသတည်း" ဟု ချီးမွမ်း၍ မြွက်ဆိုကြ၏။

**(လုကာ ၂း၁–၁၄)**

# ယေရှု၏ သူငယ်တော်ဘဝ

ထိုသူငယ်အား အရေဖျားလှီးခြင်းကို ပေးရသည့်နေ့မှ ရှစ်ရက်မြောက်သောနေ့ ရောက်လျှင် ပဋိသန္ဓေစွဲတော်မမူမီ ကောင်းကင်တမန်မှည့်သော ယေရှုအမည်ဖြင့် မှည့်ကြ၏။ **(လုကာ ၂း၂၁)**

ထိုအခါက ယေရုရှလင်မြို့၌ ရှုမောင်အမည်ရှိသော ဖြောင့်မတ်သောသူ၊တရားကို ရိုသေသောသူ၊ ဣသရေလအမျိုးတို့သက်သာခြင်းအကြောင်းကို မျှော်လင့်သောသူ တစ်ဦးရှိ၏။ သန့်ရှင်းသောဝိညာဉ်တော်သည် သူ့အပေါ်၌တည်သည်ဖြစ်၍ သူသည် ထာဝရဘုရား၏ 'ခရစ်တော်ကို မမြင်မီ မသေရ' ဟူသော ဗျာဒိတ်တော်ကိုရ၏။ ထိုအခါ သူသည် ဝိညာဉ်တော်အားဖြင့် ဗိမာန်တော်သို့သွား၍ သခင်ယေရှုအား သူ၏မိဘများက ပညတ်တရားထုံးတမ်းအတိုင်းပြုခြင်းငှာ ဆောင်ယူလာစဉ်၊ ရှုမောင် သည် ယေရှုကို လက်နှင့်ချီပိုက်၍ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလျက် "အစိုးရတော်မူသောအရှင်၊ ဗျာဒိတ်တော်အတိုင်း ကိုယ်တော်၏ကျွန်သည် ငြိမ်ဝပ်စွာ စုတေရသောအခွင့်ကို ကိုယ်တော်သည် ယခုတွင်ပေးတော်မူ၏။ ကိုယ်တော်၏ ဣသရေလအမျိုးကို ချီးမြှောက်စေခြင်းငှာလည်း၊ တစ်ပါးအမျိုးသားတို့ကို ထွန်းလင်း စေခြင်းငှာလည်း၊ လူအမျိုးမျိုးတို့ရှေ့မှောက်၌ ပြင်ဆင်တော်မူသော အလင်း၏အရှင် သခင်ကို ကျွန်ုပ်သည် မျက်စိနှင့်တပ်အပ်မြင်ရပါ၏" ဟု မြွက်ဆို၏။ ထိုစကားကို ယောသပ်နှင့် မယ်တော်သည်ကြားလျှင် အံ့ဩခြင်းရှိကြ၏။ ရှုမောင်သည်လည်း သူတို့ကို ကောင်းကြီးပေးလေ၏။ **(လုကာ ၂း၂၅-၃၄)**

# ယေရှုအားပူဇော်ခံခြင်း

ယုဒပြည်ဗက်လင်မြို့၌ ဟေရုဒ်မင်းကြီးလက်ထက် ယေရှုသည် ဖွားမြင်ခြင်းကို ခံတော်မူချိန်၊ ကျမ်းတတ်ပညာရှိတို့သည် အရှေ့ပြည်ယေရုရှလင်မြို့သို့ ရောက်လာကြလျှင် "ယခုဖွားမြင်သော ယုဒရှင်ဘုရင်သည် အဘယ်မှာရှိတော်မူသနည်း။ အရှေ့ပြည်၌ သူ၏ကြယ်ကို ငါတို့မြင်ရသည်ဖြစ်၍ ဖူးတွေ့ပူဇော်ခြင်းငှာရောက်လာပြီ" ဟု မေးမြန်းပြောဆိုကြ၏။

ထိုစကားကိုကြားလျှင် ဟေရုဒ်မင်းကြီးသည် ယေရုရှလင်မြို့သူမြို့သားအပေါင်းတို့နှင့်တကွ စိတ်ပူပန်ခြင်းသို့ရောက်သဖြင့် ယဇ်ပုရောဟိတ်အကြီးအကဲတို့နှင့် ကျမ်းပြုဆရာရှိသမျှတို့ကို စုဝေးစေ၍ "ခရစ်တော်ကို အဘယ်အရပ်မှာ ဖွားမြင်လိမ့်မည်နည်း" ဟု မေးမြန်းတော်မူ၏။ ထိုဆရာတို့ကလည်း "ပရောဖက်တစ်ဦးရေးသားချက်အရ ယုဒပြည် ဗက်လင်မြို့၌ ဖွားမြင်ပါမည်" ဟု ပြန်ကြားလျှောက်ထားကြ၏။

ထိုသူတို့သည် မင်းကြီးစကားကိုနာခံပြီးလျှင် ထွက်သွားကြ၍၊ အရှေ့ပြည်၌ မြင်ရသောကြယ်သည် သူတို့ရှေ့ကသွားသဖြင့် သူငယ်တော်ရှိရာ အရပ်အပေါ်သို့ ရောက်လျှင် တည်လျက်နေ၏။ ထိုကြယ်ကို ပြန်မြင်ရသောအခါ အလွန်ဝမ်းမြောက်ဝမ်းသာခြင်းရှိကြလေ၏။

ထိုမှအိမ်သို့ဝင်လေသော် မယ်တော်မာရိနှင့်တကွ သူငယ်တော်ကိုတွေ့မြင်လျှင် ဝပ်တွားကိုးကွယ်၍ မိမိတို့ဘဏ္ဍာဉစ္စာတို့ကိုဖွင့်ပြီးမှ လောဗန်နှင့် မုရန်တည်းဟူသော နံ့သာမျိုးကိုင်၊ ရွှေကိုင်၊ ဆက်ကပ်ပူဇော်ကြ၏။ **(မဿဲ ၂း၁-၅၊၉-၁၁)**

# ယေရှုမမွေးဖွားမီကထဲက စာတန်မှုထားရှိသော အမှုန်းတရားများ

ကောင်းကင်၌ အခြားသောနိမိတ်လက္ခဏာ ပေါ်လာသည်ကား၊ အဆင်းနီသော နဂါးကြီး(စာတန်)သည် ခေါင်းခုနှစ်လုံး၊ ချိုဆယ်ချောင်းနှင့်တကွ ခေါင်းပေါ်၌သရဖူ ခုနှစ်ဆူကို ဆောင်းလျက်ရှိ၏။ သူ၏အမြီးသည် ကောင်းကင်ကြယ်သုံးစုတစ်စုကို ဆွဲငင်၍ မြေကြီးသို့ချလိုက်လေ၏။ သားကိုဖွားလုသောမိန်းမသည် ဖွားသောအခါ နဂါးသည် ထိုသားကို ကိုက်စားမည့်အကြံနှင့် မိန်းမရှေ့၌ ရပ်နေ၏။ ထိုမိန်းမသည် လူမျိုးတကာတို့ကို သံလှံတံဖြင့်အုပ်စိုးလတ္တံ့သော သားယောကျ်ားကိုဖွားမြင်၏။

**(ဗျာဒိတ်ကျမ်း ၁၂:၃-၅)**

ယောသပ်သည် အိမ်မက်ကိုမြင်မက်သည်မှာ ထာဝရဘုရား၏ကောင်းကင်တမန်သည် ထင်ရှား၍ "သင်ထလော့။ မယ်တော်နှင့် သူငယ်တော်ကို ဆောင်ယူပြီးလျှင် အီဂျစ်ပြည်သို့ပြေး၍ တစ်ဖန်ငါပြောဆိုသည့်တိုင်အောင် ထိုပြည်၌နေလော့။ ဟေရုဒ်မင်းကြီးသည် သူငယ်တော်ကို သတ်အံ့သောငှာရှာလိမ့်မည်" ဟု ဆိုလေ၏။

ထိုအခါ ယောသပ်သည်ထ၍ မယ်တော်နှင့်သူငယ်တော်ကို ညဥ့်အချိန်၌ ဆောင်ယူပြီးလျှင် အီဂျစ်ပြည်သို့ထွက်သွား၍ ဟေရုဒ်မင်းကြီး အနိစ္စရောက်သည့်တိုင်အောင် ထိုပြည်၌နေလေ၏။

ထိုအခါ ဟေရုဒ်မင်းကြီးသည် ကျမ်းတတ်ပညာရှိတို့ လှည့်ဖြားသည်ကိုသိလျှင် ပြင်းစွာအမျက်ထွက်၍ ပညာရှိတို့အား စေ့စေ့စပ်စပ်မေးမြန်းပြီးသော် ကြယ်၏ အချိန်ကာလကိုထောက်၍ ဗက်လင်မြို့မှစ၍ ကျေးလက်ရှိသမျှတို့၌ နှစ်နှစ်အရွယ်မှစ၍ ထိုအောက်ငယ်သော သူငယ်ယောကျ်ားအပေါင်းတို့ကို လူလွှတ်၍သတ်စေ၏။

**(မဿဲ ၂:၁၃-၁၅၊၁၆)**

# ယေရှု၏ ကလေးဘဝ

သူငယ်သည်လည်း ကြီးပွား၍ ပညာဉာဏ်သတ္တိနှင့် ပြည့်စုံ၏။ ဘုရားသခင်၏ ကျေးဇူးတော်သည်လည်း သူ့အပေါ်၌တည်၏။ ယေရှု၏ မိဘတို့သည် နှစ်စဉ်နှစ်တိုင်း ပသခါပွဲခံချိန်ရောက်လျှင် ယေရုရှလင်မြို့သို့သွားကြ၏။ ယေရှုသည် တစ်ဆယ့်နှစ်နှစ် ရှိသောအခါ ပသခါပွဲထုံးစံအတိုင်း ယေရုရှလင်မြို့သို့ တက်ကြလေ၏။ ပွဲနေ့ရက် လွန်ပြီးမှ မိဘတို့သည်ပြန်ကြလျှင် သူငယ်ယေရှုသည် ယေရုရှလင်မြို့၌နေရစ်လေ၏။ ယောသပ်နှင့်မယ်တော်သည် ထိုအကြောင်းကိုမသိ၍ အပေါင်းအဖော်စုထဲမှာ သူငယ် ပါသည်ဟုစိတ်ထင်နှင့် တစ်နေ့ခရီးသွားပြီးလျှင် အဆွေအမျိုးအသိအကျွမ်းတို့တွင်ရှာ၍ မတွေ့သောအခါ ယေရုရှလင်မြို့သို့ပြန်၍ ရှာကြ၏။ သုံးရက်ကြာမှ သူငယ်အား ဗိမာန်တော်၌ ဆရာများအလယ်တွင်ထိုင်၍ သူတို့နှင့် ဆွေးနွေးမေးမြန်းလျက်ရှိသည်ကို မိဘတို့သည်တွေ့ကြ၏။ သူ၏စကားကို ကြားသောသူအပေါင်းတို့သည် သူ၏ ပညာကိုရင်း၊ စကားအဖြေကိုရင်း အံ့ဩကြ၏။ မိဘတို့သည်သားကို မြင်လျှင် မိန်းမောတွေဝေ၍ မယ်တော်က "ငါ့သား၊ အဘယ်ကြောင့်ငါတို့အား ဤသို့ပြု သနည်း။ ညိုးငယ်ကြောင့်ကြသောစိတ်နှင့် ငါတို့သင့်ကို ရှာကြပြီ" ဟု ဆိုသော် ယေရှုက "မိဘတို့၊ အဘယ်ကြောင့် အကျွန်ုပ်ကိုရှာရပါသနည်း။ အကျွန်ုပ်သည် အဖ၏အိမ်၌ နေနေသည်ကို မသိပါသလော" ဟု ပြောဆိုလေသည်။

ယေရှုသည်လည်း အစဉ်အတိုင်းကြီး၍ ပညာတိုးပွားလျက် ဘုရားသခင်ရှေ့၊ လူတို့ရှေ့၌ မျက်နှာရတော်မူ၏။ **(လုကာ ၂း၄၀-၄၉၊၅၂)**

# ယေရှုလူသူအများနှင့်တွေ့ဆုံခြင်း

ဘုရားသခင်သည် ယောဟန်အမည်ရှိသောသူတစ်ယောက် စေလွှတ်တော်မူ၏။ ယောဟန်က "ငါသည် ပရောဖက်ဟေရှာယဟောပြောသည်နှင့်အညီ ထာဝရဘုရား၏ လမ်းခရီးတော်ကို ဖြောင့်စေကြလော့ဟု တော၌ဟစ်ကြော်သောသူ၏ အသံဖြစ်သည်" ဟုဆို၏။

နောက်တစ်နေ့၌ ယေရှုကြွလာသည်ကို ယောဟန်သည်မြင်လျှင် "ဤလောက၏ အပြစ်ကိုဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်ကိုကြည့်လော့" ဟုဆို၏။ ထို့နောက် ယောဟန်သည် "ထိုမှတစ်ပါး ဝိညာဉ်တော်သည် ကောင်းကင်မှချိုးငှက်ကဲ့သို့ ဆင်းသက်၍ ထိုသူ၏အပေါ်၌ နားတော်မူသည်ကို ငါမြင်ရပြီ။ အစက ထိုသူကို ငါမသိ။ ရေ၌ ဗတ္တိဇံကိုပေးစေခြင်းငှာ ငါ့ကိုစေလွှတ်တော်မူသောသူက 'ဝိညာဉ်တော်သည်ဆင်းသက်၍ တစ်စုံတစ်ယောက်သောသူအပေါ်၌ နားတော်မူသည်ကို သင်မြင်ရလိမ့်မည်' ဟု မိန့်တော်မူသည်နှင့်အညီ ငါသည်တွေ့မြင်ရ၍ ဤသူသည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူကြောင်း သက်သေခံသည်" ဟု ဆိုလေ၏။

**(ယောဟန် ၁း၆၊၂၃၊၂၉၊၃၂-၃၄)**

ယေရှုသည် ဗတ္တိဇံကိုခံတော်မူပြီးလျှင် ရေထဲမှထ၍ ထိုအချိန်ကောင်းကင်ဖွင့်လှစ်သဖြင့်၊ ဘုရားသခင်၏ဝိညာဉ်တော်သည် ချိုးငှက်ကဲ့သို့ဆင်းသက်၍ ကိုယ်တော်အပေါ်၌ နားတော်မူသည်ကို မြင်ရပြီး "ဤသူကား ငါနှစ်သက်မြတ်နိုးရာ ငါ၏ချစ်သားပေတည်း" ဟု ကောင်းကင်မှ သံတော်သည် လွင့်ပျံလာလေ၏။

**(မဿဲ ၃း၁၆-၁၇)**

# ယေရှုက စာတန်၏ဖြားယောင်းသွေးဆောင်မှုကို ကျော်လွှားခြင်း

ထိုအခါ ဖြားယောင်းသွေးဆောင်သောသူသည် ချဉ်းကပ်၍ "ကိုယ်တော်သည် ဘုရားသခင်၏သားတော်မှန်လျှင် ဤကျောက်ခဲတို့ကိုမုန့်ဖြစ်စေခြင်းငှာ အမိန့်ရှိတော်မူပါ" ဟု လျှောက်လေ၏။ ယေရှုက "လူသည် မုန့်အားဖြင့်သာအသက်ကို မွေးရမည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်ဟုသာ ကျမ်းစာလာသည်" ဟု ပြန်လည်ဖြေကြား၏။

ထိုအခါ မာရ်နတ်သည် ယေရှုကို သန့်ရှင်းသောမြို့တော်သို့ ခေါ်ဆောင်သွား၍ ဗိမာန်တော်၏အထွဋ်၌ တင်ထားပြီးလျှင် "ကျမ်းစာလာသည်ကား ကောင်းကင်တမန်တို့အား သင့်အတို့ငှာထားတော်မူသည်ဖြစ်၍ သင်၏ခြေကို ကျောက်နှင့်မထိခိုက်စေခြင်းငှာ သူတို့သည်သင့်ကို လက်နှင့် မစချီပင့်ကြလိမ့်မည်ဟုလာ၏။ ထို့ကြောင့် ဘုရားသခင်၏သားတော်မှန်လျှင် အောက်သို့ခုန်ချတော်မူပါ" ဟု လျှောက်လေ၏။

ယေရှုကလည်း "သင်၏ဘုရားသခင် ထာဝရဘုရားကို သင်သည်သွေးဆောင်ခြင်းမပြုရဟု ကျမ်းစာတော်တွင်ပါရှိ၏" ဟု မိန့်တော်မူ၏။ တစ်ဖန်မာရ်နတ်သည် ယေရှုကို အလွန်မြင့်မားလှစွာသော တောင်ပေါ်သို့ခေါ်ဆောင်သွား၍ ဤလောက၌ရှိသမျှသော တိုင်းနိုင်ငံတို့ကိုငင်း၊ ထိုတိုင်းနိုင်ငံတို့၏ ဘုန်းစည်းစိမ်ကိုငင်း ညွှန်ပြ၍ "ကိုယ်တော်သည် ငါ့ကို ဦးညွှတ်ကိုးကွယ်လျှင် ယခုပြလေသမျှတို့ကို ငါပေးမည်" ဟု ဆိုလေ၏။ ယေရှုကလည်း "အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့၊ သင်၏ ဘုရားသခင်ထာဝရဘုရားကိုသာ ကိုးကွယ်ဝတ်ပြုရမည်။ ထိုအရှင်၏အစေကိုသာလျှင် ခံရမည်ဟု ကျမ်းစာလာသည်" ဟု မိန့်တော်မူ၏။ **(မဿဲ ၄:၃-၁၀)**

ကိုယ်တော်သည် ထိုသို့ဖြားယောင်းနှောင့်ယှက်ခြင်းကိုခံ၍ ဒုက္ခဆင်းရဲခြင်း၌ ကျင်လည်သောကြောင့် ထိုသို့ ဖြားယောင်းနှောင့်ယှက်ခြင်းအမှုနှင့် တွေ့ကြုံသောသူတို့ကို မစခြင်းငှာ တတ်နိုင်တော်မူ၏။ **(ဟေဗြဲ ၂:၁၈)**

# ယေရှုက သူ၏တပည့်တော်များကို ရွေးချယ်ခြင်း

ယေရှုသည် ဂါလိလဲရေအိုင်နားတွင် လမ်းလျှောက်သွားစဉ် ရှိမုန်နှင့်အိန္ဒြေ တံငါသည်ညီအစ်ကိုနှစ်ယောက်သည် အိုင်တွင်ပိုက်ကွန်ဖြန့်ချသည်ကို မြင်တော်မူလျှင် ထိုသူတို့အား "ငါ့နောက်သို့လိုက်ကြလော့။ သင်တို့သည် လူကိုမျှားသောတံငါသည် ဖြစ်စေခြင်းငှာ ငါပြုမည်" ဟု အမိန့်တော်ရှိလေ၏။ ထိုသူတို့လည်း ချက်ခြင်း ပိုက်ကွန်ကိုစွန့်၍ နောက်တော်သို့လိုက်ကြ၏။ ထိုမှအနည်းငယ်လွန်ပြန်လျှင် ဇေဗေဒဲ ၏သား ယာကုပ်နှင့်ယောဟန် ညီအစ်ကိုနှစ်ယောက်တို့သည် လှေပေါ်တွင် ပိုက်ကွန် ပြင်နေသည်ကိုမြင်၍ ချက်ချင်းခေါ်တော်မူ၏။ ထိုသူတို့သည်လည်း လှေပေါ်မှာရှိသော သူငှားတို့နှင့်တကွ အဘဇေဗေဒဲကိုစွန့်၍ နောက်တော်သို့လိုက်ကြ၏။

**(မာကု ၁း၁၆–၂၀)**

နောက်တစ်နေ့၌ ယေရှုသည် ဂါလိလဲပြည်သို့ကြွခြင်းငှာ အလိုတော်အတိုင်း ရောက်၍ ဖိလိပ္ပုကိုတွေ့လျှင် "ငါ့နောက်သို့လိုက်လော့" ဟု မိန့်တော်မူ၏။

**(ယောဟန် ၁း၄၃)**

ယေရှုသည် လမ်း၌ကြွတော်မူစဉ် အာလဖဲ၏သား လေဝိသည် အခွန်ခံရာထဲ၌ ထိုင်နေသည်ကိုမြင်သော် "ငါ့နောက်သို့လိုက်လော့" ဟု မိန့်တော်မူ၏။ ထိုသူသည် လည်း ထ၍ နောက်တော်သို့လိုက်လေ၏။ **(မာကု ၂း၁၄)**

ကိုယ်တော်သည် တစ်ညဉ့်လုံး ဘုရားသခင်အား ဆုတောင်းပဌနာပြုလျက် နေလေ၏။ မိုးလင်းသောအခါ တပည့်တော်တို့ကိုခေါ်တော်မူ၍ ထိုထဲမှ တစ်ကျိပ်နှစ်ပါး တို့ကို ရွေးကောက်၍ တမန်တော်အမည်ဖြင့် သမုတ်တော်မူ၏။

**(လုကာ ၆း၁၂–၁၃)**

# ယေရှုက သတင်းကောင်းကို ဟောကြားခြင်း

ယေရှုသည် ဝိညာဉ်တော်တန်ခိုးနှင့် ဂါလိလဲပြည်သို့ပြန်၍ သူ၏သတင်းကောင်းသည် ပတ်ဝန်းကျင်အနှံ့အပြားတို့၌ ကျော်စောလေ၏။ တရားဇရပ်တို့၌ ဆုံးမဩဝါဒပေးတော်မူ၍ လူအပေါင်းတို့သည် ကိုယ်တော်ကိုချီးမွမ်းကြ၏။ မွေးဖွားကြီးပြင်းရာနာဇရက်မြို့သို့ရောက်ပြန်လျှင် ထုံးစံအတိုင်း ဥပုသ်နေ့၌ တရားဇရပ်သို့ဝင်၍ ကျမ်းစာကိုရွတ်ဖတ်ရန် ထတော်မူလျှင် ဇရပ်စောင့်သည် ပရောဖက်ဟေရှာယ၏ ကျမ်းစာကိုပေးလေ၏။ ကိုယ်တော်သည် ကျမ်းစာကိုဖွင့်၍ "ထာဝရဘုရား၏ ဝိညာဉ်တော်သည်ငါ့အပေါ်၌တည်တော်မူ၏။ အကြောင်းမူကား သူဆင်းရဲတို့အား ဝမ်းမြောက်စရာသတင်းကို ကြားစေခြင်းငှာ ငါ့ကိုဘိသိက်ပေးတော်မူပြီ။ နှလုံးကြေကွဲသူတို့၏အနာကိုပျောက်စေခြင်းငှာ၎င်း၊ ဖမ်းဆီးချုပ်နှောင်ထားသူတို့အား လွတ်မြောက်စေရန်နှင့်မျက်စိကန်းသောသူတို့ကို မျက်စိပြန်မြင်စေခြင်းငှာ၎င်း၊ ညှင်းဆဲခံရသောသူတို့ကိုကယ်မစေခြင်းငှာ၎င်း၊ ထာဝရဘုရားသည် မိမိလူစုတော်အား ကယ်တင်ရာကာလရောက်လာပြီဖြစ်ကြောင်း ကြေငြာစေခြင်းငှာ ငါ့ကိုစေလွှတ်တော်မူ၏" ဟူသောကျမ်းပိုဒ်ကို ဖတ်တော်မူ၏။ ထို့နောက်ကျမ်းစာတော်ကိုလိပ်၍ ဇရပ်စောင့်အားပြန်ပေးပြီးနောက် ထိုင်တော်မူ၏။ တရားဇရပ်၌ရှိသော လူအပေါင်းတို့သည်ကိုယ်တော်အား စိုက်ကြည့်နေကြ၏။ ကိုယ်တော်က "ဤကျမ်းစာပါအမှုအရာများသည်သင်တို့ကြားနာရသည့်အတိုင်း ယနေ့အကောင်အထည်ပေါ်ပြီ" ဟု မိန့်တော်မူ၏။

လူအပေါင်းတို့သည် ကိုယ်တော်၏အကြောင်းကို ချီးမွမ်းပြောဆိုကြလျက်နှုတ်တော်ထွက်စကားများကိုလည်း တအံ့တဩရှိကြကုန်၏။

**(လုကာ ၄း၁၄-၂၂)**

# ယေရှုက ဗိမာန်တော်ကို သန့်ရှင်းခြင်း

ကိုယ်တော်နှင့်တပည့်တော်တို့သည် ယေရုရှလင်မြို့သို့ ရောက်ကြသောအခါ ကိုယ်တော်သည် ဗိမာန်တော်သို့ဝင်တော်မူ၍ ဗိမာန်တော်အတွင်း အရောင်းအဝယ်ပြုနေသူတို့ကို နှင်ထုတ်တော်မူ၏။ ငွေလဲလှယ်သူတို့၏ စားပွဲများနှင့် ချိုးငှက်ရောင်းသူတို့၏ ထိုင်ခုံများကို မှောက်လှန်ပစ်တော်မူ၏။ ကိုယ်တော်က "ငါ၏အိမ်တော်ကို လူမျိုးတကာတို့ ဆုတောင်းရာအိမ်တော်ဟု ခေါ်ဝေါ်ရလတ္တံ့ဟု ကျမ်းစာလာသည် မဟုတ်လော။ သို့ရာတွင် သင်တို့သည် ထိုအိမ်တော်ကို ဓားပြခိုအောင်းရာ ဖြစ်စေပြီတကား" ဟု လူတို့အား ဆုံးမသွန်သင်တော်မူ၏။

**(မာကု ၁၂း၁၅၊၁၇)**

# ယေရှုက အပြစ်အကြောင်း သင်ကြားပေးခြင်း

သင်တို့သည် ပြင်ပသဏ္ဍာန်အားဖြင့် လူတို့ရှေ့တွင် သူတော်ကောင်းများဟု ထင်ရသော်လည်း စိတ်အတွင်း၌ကား သူတော်ကောင်းယောင်ဆောင်မှုနှင့် ဆိုးညစ်မှုများဖြင့် ပြည့်နှက်နေတော့၏။ **(မဿဲ ၂၃း၂၈)**

ခံတွင်းကထွက်သောအရာမူကား၊ စိတ်နှလုံးထဲမှ ထွက်လာသောအရာဖြစ်၏။ ထိုအရာမျိုးသည် လူကိုညစ်ညမ်းစေ၏။ လူ့အသက်ကိုသတ်ခြင်း၊ သူ့အိမ်ရာကို ပြစ်မှားခြင်း၊ ကာမဂုဏ်လိုက်စားခြင်း၊ သူ့ဥစ္စာခိုးခြင်း၊ မမှန်သောသက်သေကိုခံခြင်း၊ သူ့အသရေကိုဖျက်ခြင်း အစရှိသည့် ညစ်ညမ်းသည့်အကြံအစည်များသည် စိတ်နှလုံးထဲမှထွက်လာ၏။ **(မဿဲ ၁၅း၁၈-၁၉)**

သခင်ယေရှုက "အမှန်အကန်သင်တို့အား ငါဆိုသည်ကား အပြစ်ကျူးသူတိုင်းသည် အပြစ်၏ကျွန်ဖြစ်၏။ သင်တို့အား သားတော်ကလွတ်လပ်စေလျှင် သင်တို့သည် ဧကန်အမှန် လွတ်လပ်ကြလိမ့်မည်" ဟု မိန့်တော်မူ၏။

**(ယောဟန် ၈း၃၄-၃၆)**

# ယေရှုက ဘဝအသစ်ကို ပေးကမ်းခြင်း

သခင်ယေရှုက "အမှန်အကန် သင်တို့အား ငါဆိုသည်ကား အသစ်တဖန် မွေးဖွားခြင်းမခံရသူသည် ဘုရားသခင်၏နိုင်ငံတော်ကို မမြင်နိုင်။ 'အသစ်တဖန် မွေးဖွားခြင်း ခံကြရမည်' ဟု ငါဆိုသည်ကို မအံ့သြနှင့်။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်သည် လောကသားတို့ကို လွန်စွာချစ်တော်မူသဖြင့် သားတော်အား ယုံကြည်သူအပေါင်းတို့သည် ပျက်စီးဆုံးပါးခြင်းမရှိဘဲ ထာဝရအသက်ကိုရစေခြင်းငှာ မိမိ၏တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူ၏" ဟု မိန့်တော်မူ၏။

**(ယောဟန် ၃း၃၊၇၊၁၆)**

ယေရှုက "ငါမူကားသင်တို့အသက်ရှင်ကြစေရုံမျှသာမက ကြွယ်ဝပြည့်စုံသော အသက်ကို ရှင်နိုင်ကြစေရန်လာသတည်း" ဟု မိန့်တော်မူ၏။

**(ယောဟန် ၁၀း၁၀)**

ထာဝရအသက်တာဟူသည် တစ်ဆူတည်းသော ဘုရားသခင်ဖြစ်တော်မူသော ကိုယ်တော်ကိုင်း၊ ကိုယ်တော်စေလွှတ်တော်မူသော ယေရှုခရစ်ကိုင်း သိကျွမ်းခြင်း ပင်ဖြစ်၏။ **(ယောဟန် ၁၇း၃)**

ခရစ်တော်သည် သူသေများကို အသက်ပြန်ရှင်စေတော်မူသကဲ့သို့ သားတော် သည်လည်း မိမိအလိုရှိသူများကို အသက်ရှင်စေတော်မူ၏။ သခင်ယေရှုက "အမှန် အကန်သင်တို့အား ငါဆိုသည်ကား ငါ၏စကားကို ကြားနာ၍ ငါ့ကိုစေလွှတ်တော်မူ သောအရှင်ကို ယုံကြည်သူသည် ထာဝရအသက်ကိုရ၏။ သူသည် တရားစီရင်တော်မူ ခြင်းကို မခံရဘဲ သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးပြောင်းသောသူဖြစ်၏" ဟု ဆိုလေ၏။ **(ယောဟန် ၅း၂၁၊၁၄)**

ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းရှိသောသူသည် သတ္တဝါသစ်ဖြစ်၏။ သူသည် ဘဝဟောင်းကိုစွန့်၍ ဘဝသစ်သို့ဝင်စားပြီ။ **(၂ ကော ၅း၁၇)**

# ယေရှုက အသက်စမ်းရေကို ပေးကမ်းခြင်း

ယေရှုသည် ရှမာရိပြည် ရှုခါနာအမည်ရှိသောမြို့သို့ရောက်တော်မူ၏။ ထိုနေရာရောက်လျှင် ခရီးပန်းတော်မူသဖြင့် ရေတွင်းအနီးတွင် ထိုင်တော်မူစဉ် ရှမာရိအမျိုးသမီးတစ်ဦးသည် ရေခပ်ရန်ရောက်ရှိလာ၏။ သခင်ယေရှုက "ငါ့အားသောက်ရေတစ်ခွက်ပေးပါ" ဟု ထိုအမျိုးသမီးအား မိန့်တော်မူ၏။ ရှမာရိအမျိုးသမီးက "သင်သည်ယုဒအမျိုးသားတစ်ယောက်ဖြစ်ပါလျက် ရှမာရိအမျိုးသမီးဖြစ်သူ ကျွန်မထံမှသောက်ရေကို အဘယ်ကြောင့်တောင်းပါသနည်း" ဟု မေး၏။ အကြောင်းမှာ ယုဒလူမျိုးနှင့်ရှမာရိလူမျိုးတို့ ဆက်ဆံမှုမရှိသောကြောင့်ဖြစ်သည်။ သခင်ယေရှုက "ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးတော်ကိုင်၎င်း၊ သင့်အားသောက်ရေတစ်ခွက်တောင်းနေသူသည် အဘယ်သူဖြစ်သည်ကို၎င်း၊ သင်သိလျှင် ထိုသူ၏ထံမှ အသက်စမ်းရေကိုတောင်းလိမ့်မည်။ ထိုသူသည်လည်း သင့်အား ထိုရေကိုပေးလိမ့်မည်။ ယခုသင်ပေးသည့် ရေကိုသောက်သူတိုင်း နောက်တစ်ဖန်ရေငတ်လိမ့်ဦးမည်။ ငါပေးမည့်ရေကို သောက်သူ မူကား အဘယ်အခါမျှ ရေငတ်တော့မည်မဟုတ်။ ထိုရေသည် သူ၏ခန္ဓာတွင်း၌ ထာဝစဉ်စမ်းပေါက်လျက် သူ့အားထာဝရအသက်ကို ရစေလိမ့်မည်" ဟု မိန့်တော်မူ၏။ **(ယောဟန် ၄း၅–၁၀၊ ၁၃–၁၄)**

ယေရှုက "ရေငတ်သူသည် ငါ့ထံသို့လာ၍ သောက်လော့။ ငါ့ကို ယုံကြည်သောသူ၏ စိတ်နှလုံးထဲမှ အသက်ရေသည် စမ်းချောင်းသဖွယ်စီးထွက်နေလိမ့်မည်" ဟု ကြွေးကြော်တော်မူ၏။ သခင်ယေရှုသည် မိမိကိုယုံကြည်၍ ခံယူကြရမည့် ဝိညာဉ်တော်ကို ရည်ညွှန်း၍ ကြွေးကြော်တော်မူခြင်းဖြစ်၏။

**(ယောဟန် ၇း၃၇–၃၉)**

# ယေရှုက ပုံဥပမာများကို အသုံးပြု၍ သင်ကြားခြင်း

ငါဟောပြောသော ဤတရားစကားကိုကြား၍ လိုက်လျှောက်သူသည် ကျောက်ပေါ်တွင်အိမ်ဆောက်သည့် ပညာရှိနှင့်တူ၏။ မိုးသည်းထန်စွာရွာ၍ မြစ်ရေလျှံကာ မုန်တိုင်းထန်လျက် ထိုအိမ်ကိုတိုက်ခတ်သော်လည်း ထိုအိမ်သည် ကျောက်ပေါ်မှာတည်သောကြောင့် မပြိုမလဲပေ။ ငါဟောပြောသော တရားစကားကိုကြားပြီးနောက် မလိုက်မလျှောက်သူသည် သဲပေါ်မှာအိမ်ဆောက်သော လူမိုက်နှင့်တူ၏။ မိုးသည်းထန်စွာရွာ၍ မြစ်ရေလျှံကာ မုန်တိုင်းထန်လျက် ထိုအိမ်ကိုတိုက်ခတ်သည်ရှိသော် ထိုအိမ်သည် ပြိုလဲ၍သွား၏။ ထိုအိမ်၏အပျက်အစီးမှာ ကြီးလှစွာတကား။

**(မဿဲ ၇:၂၄–၂၇)**

သင်တို့တွင် တစ်စုံတစ်ယောက်သူသည် သိုးအကောင်တစ်ရာရှိ၍ တစ်ကောင်ပျောက်လျှင် မည်သို့ပြုမည်နည်း။ သူသည် ကျန်ကိုးဆယ့်ကိုးကောင်ကို စားကျက်တွင်ထားခဲ့၍ ပျောက်သောသိုးကို မတွေ့မချင်းရှာမည်မဟုတ်လော။ ထိုသိုးကိုတွေ့သောအခါ ရွှင်လန်းဝမ်းမြောက်စွာဖြင့် ပခုံးထက်တွင်တင်၍ ထမ်းလာလိမ့်မည်။ အိမ်သို့ပြန်ရောက်သောအခါ မိတ်ဆွေနှင့်အိမ်နီးချင်းတို့ကိုခေါ်ကာ "ပျောက်သောသိုးကို ငါပြန်တွေ့ပြီ။ ငါနှင့်အတူ ပျော်ရွှင်ဝမ်းမြောက်ကြလော့" ဟု ဆိုလိမ့်မည်။ ထိုနည်းတူစွာ နောင်တရရန်မလိုသော ဂုဏ်သရေရှိသူ ကိုးဆယ့်ကိုးယောက်အတွက်ထက် အပြစ်ကျူးသူတစ်ယောက် နောင်တရသည့်အတွက်ကောင်းကင်ဘုံတွင်ပို၍ ရွှင်လန်းဝမ်းမြောက်ခြင်းရှိလိမ့်မည်။ **(လုကာ ၁၅:၄–၇)**

# ယေရှုက မည်သို့ကောင်းကြီးခံရမည်ကို သင်ကြားခြင်း

ကိုယ်တော်သည် လူပရိသတ်တို့ကိုမြင်တော်မူသဖြင့် တောင်ပေါ်သို့တက်တော်မူ၏။ ထို့နောက် ကိုယ်တော်သည်သူတို့အား အောက်ပါအတိုင်း ဟောပြောသွန်သင်တော်မူ၏။ "စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏ နိုင်ငံဖြစ်၏။ ဝမ်းနည်းပူဆွေးသောသူတို့သည် မင်္ဂလာရှိကြ၏။ ဘုရားသခင်သည် ထိုသူတို့အား စိတ်သက်သာမှုကို ပေးတော်မူလတ္တံ့။ သနားကြင်နာတတ်သောသူတို့သည် မင်္ဂလာရှိကြ၏။ ဘုရားသခင်သည် ထိုသူတို့အား သနားကြင်နာတော်မူလတ္တံ့။ ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်သောသူတို့သည် မင်္ဂလာရှိကြ၏။ ထိုသူတို့သည် ဘုရားသခင်၏သားများဟု အခေါ်ခံရကြလတ္တံ့။ ဘုရားသခင်၏ အလိုတော်အတိုင်းဆောင်ရွက်သဖြင့် နှိပ်စက်ညှင်းဆဲခြင်းခံရသောသူတို့သည် မင်္ဂလာရှိကြ၏။ ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏။ လူတို့သည် ငါ့ကြောင့် သင်တို့ကို ကဲ့ရဲ့ညှင်းဆဲလျက်မဟုတ်မမှန်ဘဲ အမျိုးမျိုးပြစ်တင်စွပ်စွဲကြသောအခါ သင်တို့သည် မင်္ဂလာရှိကြ၏။ ဝမ်းမြောက်ရွှင်မြူးကြလော့။ ကောင်းကင်ဘုံတွင် သင်တို့ ခံစားရမည့်အကျိုးသည် ကြီးလှပေ၏။" **(မဿဲ ၅း၁–၁၂)**

ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြား၍ လိုက်နာသူသည် မင်္ဂလာရှိ၏။ **(လုကာ ၁၁း၂၈)**

ငါ့ကိုမမြင်ရဘဲ ယုံကြည်သူတို့သည် မင်္ဂလာရှိကြ၏။ **(ယောဟန် ၂၀း၂၉)**

ငါ့အပေါ်၌ ယုံမှားခြင်းကင်းသူသည် မင်္ဂလာရှိ၏။ **(လုကာ ၇း၂၃)**

# ယေရှုက ဆုတောင်းနည်းကို သင်ကြားခြင်း

ယုံကြည်သူတို့သည် အဘယ်အခါမျှ စိတ်အားမလျော့ဘဲ အခါခပ်သိမ်း ဆုတောင်းပတ္ထနာပြုသင့်သည်။ **(လုကာ ၁၈:၁)**

လူနှစ်ယောက်သည် ဆုတောင်းပတ္ထနာပြုရန် ဗိမာန်တော်သို့သွားကြ၏။ တစ်ယောက်က ဖာရိရှဲ၊ အခြားတစ်ယောက်က အခွန်ခံသူဖြစ်၏။ ဖာရိရှဲသည် တစ်ယောက်တည်းရပ်လျက် "အိုဘုရားသခင်၊ အခြားသောသူတို့သည် လောဘကြီးသူ၊ မရိုးဖြောင့်သူ၊ သူ့အိမ်ရာကို ပြစ်မှားသူများဖြစ်ကြပါ၏။ အကျွန်ုပ်သည် ထိုသူတို့ကဲ့သို့ မဟုတ်သဖြင့်၎င်း၊ ဤအခွန်ခံသူကဲ့သို့ မဟုတ်သဖြင့်၎င်း ကိုယ်တော်ရှင်၏ကျေးဇူး တော်ကို ချီးမွမ်းပါ၏။ အကျွန်ုပ်သည် ရက်သတ္တတစ်ပတ်လျှင် နှစ်ကြိမ်တိုင်တိုင် အစာရှောင်ပါ၏။ ရရှိသမျှဥစ္စာပစ္စည်း၏ ဆယ်ဖို့တစ်ဖို့ကိုလည်း လှူပါ၏" ဟု ဆုတောင်းပတ္ထနာပြု၏။ သို့ရာတွင်အခွန်ခံသူမူကား အဝေးတွင်ရပ်လျက် ကောင်းကင်သို့ မော်၍မျှမကြည့်ဝံ့ဘဲ "အိုဘုရားသခင်၊ အပြစ်ကျူးသူအကျွန်ုပ်အား သနားတော်မူပါ" ဟု ရင်ဘတ်ကိုတီးခတ်လျက် ဆုတောင်းလေ၏။ သင်တို့အား ငါဆိုသည်ကား ဤသူသည် ဘုရားသခင်၏ရှေ့တော်တွင် သူတော်ကောင်းအဖြစ်ဖြင့် အိမ်သို့ပြန်ရ၏။ ဖာရိရှဲမူကား ထိုသို့မဟုတ်။ အဘယ်ကြောင့်ဆိုသော် မိမိကိုယ်ကိုချီးမြှောက်သူသည် နှိမ့်ချခြင်းခံရလျက် မိမိကိုယ်ကို နှိမ့်ချသူသည် ချီးမြှောက်ခြင်းခံရမည် ဖြစ်သောကြောင့်တည်း။ **(လုကာ ၁၈:၁၀-၁၄)**

လောကတွင် သင်တို့အနက် လူနှစ်ယောက်မျှ စိတ်တူသဘောတူရန် ဆုတောင်း ပတ္ထနာပြုပါလျှင် ကောင်းကင်ဘုံရှင် ငါ၏ခမည်းတော်သည် သင်တို့တောင်းလျှောက် သမျှသောအရာကို ပေးသနားတော်မူလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် လူနှစ်ယောက် သုံးယောက်တို့သည် ငါ့နာမကို အမှီပြု၍ စုဝေးလျှင် စုဝေးရာတွင် သူတို့နှင့်အတူ ငါရှိမည် ဖြစ်သောကြောင့်တည်း။ **(မဿဲ ၁၈:၁၉-၂၀)**

သင်တို့သည် ယုံကြည်ခြင်းဖြင့် တောင်းလျှောက်လျှင် တောင်းလျှောက်သမျှတို့ကို ရရှိကြလိမ့်မည်။ **(မဿဲ ၂၁:၂၂)**

# ယေရှုက နောက်လိုက်တပည့်တော်ဖြစ်လိုသူများအား သွန်သင်ခြင်း

ယေရှုက သူ၏တပည့်တော်များအား "ငါ့တပည့်ဖြစ်လိုသူသည် ကိုယ်ကျိုးကိုစွန့်ရမည်။ ကိုယ့်လက်ဝါးကပ်တိုင်ကိုထမ်း၍ ငါ့နောက်သို့လိုက်ရမည်။ မိမိအသက်ကိုကယ်လိုသူသည် အသက်ဆုံးရှုံးရလိမ့်မည်။ ငါ၏အတွက် အသက်ဆုံးရှုံးရသူသည် အသက်ကိုရလိမ့်မည်။ လူသည် လောကတစ်ခုလုံးကို အစိုးရသော်လည်း မိမိ၏အသက်ဆုံးရှုံးလျှင် အဘယ်အကျိုးရှိမည်နည်း။ မိမိအသက်ကို အဘယ်အရာနှင့်လဲလှယ်နိုင်မည်နည်း" ဟု မိန့်တော်မူ၏။ **(မဿဲ ၁၆း၂၄-၂၆)**

ထိုနည်းတူစွာ သင်တို့အနက် မည်သူမဆို မိမိ၌ရှိသမျှကို မစွန့်လျှင် ငါ၏တပည့် မဖြစ်နိုင်။ **(လုကာ ၁၄း၃၃)**

သင်တို့သည် ငါ့ကိုချစ်လျှင် ငါ့ပညတ်တို့ကို စောင့်ထိန်းလိမ့်မည်။ **(ယောဟန် ၁၄း၁၅)**

ငါ့ပညတ်ကား ငါသည် သင်တို့ကို ချစ်သည့်နည်းတူ သင်တို့သည် အချင်းချင်းချစ်ကြလော့။ **(ယောဟန် ၁၅း၁၂)**

သင်တို့အချင်းချင်းချစ်ခင်ကြလျှင် လူအပေါင်းတို့သည် ထိုမေတ္တာကိုထောက်၍ သင်တို့သည် ငါ၏တပည့်များဖြစ်ကြောင်းကို သိကြလိမ့်မည်။ **(ယောဟန် ၁၃း၃၅)**

သခင်ယေရှုသည် ယုံကြည်သူတို့အား "သင်တို့သည် ငါဟောပြောသွန်သင်သည့်အတိုင်း ပြုကျင့်ကြလျှင် ငါ၏တပည့်အမှန်ဖြစ်ကြ၏" ဟု မိန့်တော်မူ၏။ **(ယောဟန် ၈း၃၁)**

သင်တို့သည် များစွာသော အသီးသီးခြင်းအားဖြင့် ငါ့ခမည်းတော်၏ဘုန်းအသရေတော်ကို ထွန်းတောက်စေ၏။ ဤနည်းအားဖြင့် သင်တို့သည် ငါ၏တပည့်များဖြစ်လာကြ၏။ **(ယောဟန် ၁၅း၈)**

# ယေရှုက ကောင်းကင်ဘုံနှင့် ငရဲအကြောင်း သွန်သင်ခြင်း

ငါ့ကို 'သခင်၊သခင်' ဟု ခေါ်သောသူတိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံရှင် ငါ့အဖ၏အလိုတော်အတိုင်း လိုက်လျှောက်သူသာလျှင် ဝင်ရလိမ့်မည်။ **(မဿဲ ၇း၂၁)**

သင်တို့သည် စိတ်ပြောင်းလဲ၍ ကလေးသူငယ်ကဲ့သို့ဖြစ်မှသာလျှင် ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်။ **(မဿဲ ၁၈း၃)**

ကျဉ်းမြောင်းသော တံခါးပေါက်ကို ဝင်ကြလော့။ ငရဲသို့ ပို့ဆောင်ရာလမ်း၏ တံခါးပေါက်သည် ကျယ်ဝန်းသဖြင့် ထိုလမ်းကိုလိုက်သူတို့သည် များကြ၏။ ထာဝရအသက်သို့ ပို့ဆောင်ရာလမ်း၏ တံခါးပေါက်သည် ကျဉ်းမြောင်းသောကြောင့် ထိုလမ်းကို တွေ့ရှိသူတို့သည် နည်းကြ၏။ **(မဿဲ ၇း၁၃း၁၄)**

ကပ်ကမ္ဘာကုန်ဆုံးချိန်၌လည်း ထိုနည်းတူဖြစ်ပေအံ့။ ကောင်းကင်တမန်များသည် လာ၍ သူယုတ်မာများကို သူတော်ကောင်းများထဲမှ ခွဲထုတ်ပြီးလျှင် တောက်လောင်သော မီးဖိုထဲသို့ ပစ်ချလိမ့်မည်။ ထိုသူတို့သည် ငိုကြွေးမြည်တမ်း၍ အံသွားခဲကြိတ်ကြလိမ့်မည်။ **(မဿဲ ၁၃း၄၃- ၅၀)**

သခင်ယေရှုက "သင်တို့ စိတ်မပူပန်ကြနှင့်။ ဘုရားသခင်ကို ယုံကြည်ကြလော့။ ငါ့ကိုလည်း ယုံကြည်လော့။ ငါ့ခမည်းတော်၏အိမ်တွင် အခန်းများစွာရှိ၏။ သို့မရှိပါမူ ငါသည် သင်တို့အတွက်နေရာကို သွား၍ပြင်ဆင်မည်ဟု ပြောဆိုပါမည်လော။ ယင်းသို့သွား၍ပြင်ဆင်ပြီးမှ သင်တို့ထံသို့ငါပြန်လာ၍ ငါရှိရာအရပ်တွင် သင်တို့ရှိနိုင်ကြစေရန် သင်တို့ကို ငါ့ထံသို့ခေါ်ဆောင်မည်" ဟု မိန့်တော်မူ၏။
**(ယောဟန် ၁၄း၁-၃)**

# ယေရှုက သူမည်သူဖြစ်ကြောင်း ဖွင့်ဟပြောကြားခြင်း

ငါသည် ကောင်းကင်ဘုံမှဆင်းသက်သည့် အသက်အာဟာရဖြစ်၏။ ထိုအစာအဟာရကို မှီဝဲသူသည် အစဉ်ထာဝရအသက်ရှင်လိမ့်မည်။ ငါပေးမည့် အစာအဟာရသည် ကမ္ဘာသူကမ္ဘာသားတို့ အသက်ရှင်နိုင်ကြစေရန်ပေးသော ငါ၏အသားပေတည်း။

**(ယောဟန် ၆း၅၁)**

ငါသည် တံခါးပေါက်ဖြစ်၏။ ထိုတံခါးပေါက်ဖြင့်ဝင်သူသည် ဘေးနှင့်လွတ်၍ ဝင်ထွက်သွားလာလျက် ကျက်စားရာကို တွေ့ရလိမ့်မည်။ ငါသည် သိုးထိန်းကောင်းဖြစ်၏။ သိုးထိန်းကောင်းသည် သိုးများအတွက် အသက်ကိုစွန့်တတ်၏။

**(ယောဟန် ၁၀း၉၊၁၁)**

ငါသည် ခရီးလမ်းဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုဘဲ အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်နိုင်။

**(ယောဟန် ၁၄း၆)**

ငါသည် လောက၏အလင်းဖြစ်၏။ ငါ့နောက်သို့လိုက်သောသူသည် အသက်၏အလင်းကိုရ၍ အဘယ်အခါမျှ အမှောင်တွင်သွားလာရလိမ့်မည်မဟုတ်။

**(ယောဟန် ၈း၁၂)**

ငါသည် အသက်ရှင်ခြင်း၊ ရှင်ပြန်ထမြောက်ခြင်း အရှင်ဖြစ်၏။ ငါ့ကို ယုံကြည်သောသူသည် သေလွန်သော်လည်း ရှင်လိမ့်မည်။

**(ယောဟန် ၁၁း၂၅)**

သင်တို့သည် ငါ့ကို ဆရာဟူ၍၎င်း၊ အရှင်သခင်ဟူ၍၎င်း ခေါ်တတ်ကြ၏။ ဤအတိုင်းလည်းဟုတ်မှန်သဖြင့် သင်တို့ခေါ်သည်မှာလျောက်ပတ်ပေ၏။

**(ယောဟန် ၁၃း၁၃)**

ထိုသူတို့က "သို့ဖြစ်ပါမူ သင်သည် ဘုရားသခင်၏ သားတော်ဖြစ်ပါသလော" ဟု မေးကြ၏။ ကိုယ်တော်က "ငါသည် ဘုရားသခင်၏ သားတော်ဖြစ်သည်ဟု သင်တို့ပင် ဆိုချေသည်" ဟု မိန့်တော်မူ၏။ **(လုကာ ၂၂း၇၀)**

# ယေရှုက အနာရောဂါများကို ပျောက်ကင်းစေနိုင်စွမ်း ရှိခြင်း

အရေပြားရောဂါစွဲကပ်သူ လူတစ်ယောက်သည် ကိုယ်တော်၏ရှေ့မှောက်သို့ လာရောက်ဒူးထောက်လျက် "အရှင်၊ အရှင်အလိုတော်ရှိလျှင် အကျွန်ုပ်အား ဤရောဂါမှ သန့်စင်စေနိုင်ပါသည်" ဟု လျှောက်ထားတောင်းပန်၏။ သခင်ယေရှုသည် လက်တော်ကိုဆန့်၍ "ငါအလိုရှိ၏၊ သန့်စင်စေ" ဟု မိန့်တော်မူပြီးလျှင် ထိုသူကိုတို့ထိတော်မူ၏။ ချက်ချင်း ထိုသူသည် အရေပြားရောဂါမှ သန့်စင်၍သွားလေသည်။

**(မဿဲ ၈း၂-၃)**

တရားဇရပ်တွင် တဆယ့်ရှစ်နှစ်ပတ်လုံး နတ်မိစ္ဆာဝင်ပူးသဖြင့် မသန်မစွမ်း ဖြစ်လျက်နေသော အမျိုးသမီးတစ်ယောက်ရှိ၏။ သူသည် ကျောကုန်း၍ မိမိ၏ခါးကို လုံးဝမဆန့်နိုင်။ သခင်ယေရှုသည် ထိုအမျိုးသမီးကိုမြင်သောအခါ အထံတော်သို့ ခေါ်တော်မူလျက် "အချင်း အမျိုးသမီး၊ သင့်ရောဂါပျောက်ပြီ" ဟု မိန့်တော်မူ၏။ သူ၏အပေါ်တွင် လက်တော်ကိုတင်တော်မူသဖြင့် သူသည် ချက်ချင်းပင်ခါးဆန့်သွား၍ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းလေ၏။ **(လုကာ ၁၃း၁၁-၁၃)**

လူပရိသတ်များသည် ခြေမစွမ်းမသန်သူများ၊ မျက်မမြင်များ၊ ကိုယ်အင်္ဂါ ချို့တဲ့သူများ၊ ဆွံ့အသူများနှင့် အခြားရောဂါသည်များကို ခေါ်ဆောင်ကာ ကိုယ်တော်၏ ခြေတော်ရင်းတွင် ချထားကြ၏။ ကိုယ်တော်သည် ထိုသူနာတို့၏ ရောဂါများကို ပျောက်ကင်းစေတော်မူ၏။ **(မဿဲ ၁၅း၃၀)**

ရှိမုန်၏ ယောက္ခမတော်သူသည် အိပ်ရာပေါ်တွင် ဖျားလျက်ရှိ၏။ သူ၏ အကြောင်းကို ကိုယ်တော်အား ချက်ချင်းပင်လျှောက်ထားကြ၏။ ကိုယ်တော်သည် သူ့ထံသို့သွား၍လက်ကို ကိုင်ဆွဲထူမတော်မူ၏။ ထိုအခါ သူသည် အဖျားပျောက်၍ ဧည့်သည်ဝတ်ကိုပြုလေ၏။ **(မာကု ၁း၃၀ -၃၁)**

# ယေရှုက သဘာဝတရားအပေါ် အောင်နိုင်ခြင်း

ကိုယ်တော်သည် လူပရိသတ်တို့ကို မြက်ခင်းပေါ်တွင် ထိုင်စေတော်မူ၏။ ထို့နောက် မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကိုယူ၍ ကောင်းကင်သို့မျှော်ကြည့်လျက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းတော်မူပြီးလျှင် မုန့်များကိုဖဲ့၍ တပည့်တော်တို့အား ပေးတော်မူ၏။ တပည့်တော်တို့သည်လည်း လူတို့အား ဝေပေးကြ၏။ လူအပေါင်းတို့သည် အဝစားကြရသည်သာမက မုန့်နှင့်ငါးအကြွင်းအကျန်များကိုပင် တစ်ဆယ့်နှစ်တောင်းအပြည့် ကောက်သိမ်းရသေး၏။ အမျိုးသမီးနှင့် ကလေးများမှအပ မုန့်စားသူ ယောကျ်ားငါးထောင်မျှရှိသတည်း။

**(မဿဲ ၁၄း၁၉–၂၁)**

မိုးသောက်ယံအချိန်ခန့်တွင် ကိုယ်တော်သည် ရေပေါ်မှာ စက်တော်ဖြန့်၍ တပည့်တော်တို့ထံသို့ ကြွလာတော်မူ၏။ ဤသို့ ရေပေါ်မှာ ကိုယ်တော်စက်တော်ဖြန့်၍ ကြွလာသည်ကိုမြင်လျှင် တပည့်တော်တို့သည်ထိတ်လန့်ကာ 'တစ္ဆေ' ဟု အလန့်တကြား ဟစ်အော်ကြ၏။ ထိုအခါ သခင်ယေရှုက "အားမငယ်ကြနှင့်။ ငါပင်ဖြစ်သည်။ မကြောက်ကြနှင့်" ဟု မိန့်တော်၏။ **(မဿဲ ၁၄း၂၅–၂၇)**

ထိုအချိန်၌ ရုတ်တရက်လေမုန်တိုင်းကျရောက်လာကာ လှိုင်းရိုက်သွင်းသဖြင့် လှေသည် ရေနှင့်ပြည့်လုမတတ်ရှိလေ၏။ ကိုယ်တော်ကား လှေပဲ့ပိုင်းတွင် မှီအုံးတစ်ခုပေါ်၌ အိပ်စက်လျက်နေတော်မူ၏။ တပည့်တော်တို့သည်ကိုယ်တော်ကို နှိုးကြ၏။ "အရှင်ဘုရား၊ အကျွန်ုပ်တို့ရေနစ်သေဆုံးမည်ကို ဂရုပြုတော်မမူပါသလော" ဟု မေးလျှောက်ကြ၏။ ကိုယ်တော်သည် အိပ်ရာမှနိုးတော်မူ၍ လေနှင့်လှိုင်းများအား "တိတ်ဆိတ်နေလော့၊ ငြိမ်သက်လော့" ဟု အမိန့်ပေးတော်မူ၏။ လေသည် ငြိမ်သွား၏။ လှိုင်းလည်း မထတော့ပေ။ **(မာကု ၄း၃၇–၃၉)**

# ယေရှုက မကောင်းမှုအပြစ်များကို ခွင့်လွှတ်နိုင်စွမ်း ရှိခြင်း

သခင်ယေရှုက "သို့ရာတွင် လူသားသည် လောကတွင် အပြစ်ဖြေလွှတ်နိုင်သည်ကို သင်တို့အားသိမြင်စေအံ့" ဟု ဆိုလျက် လေဖြတ်သူအား "ထလော့၊ ထမ်းစင်ကိုထမ်း၍ အိမ်သို့ပြန်လော့" ဟု မိန့်တော်မူ၏။ **(မဿဲ ၉း၆-၇)**

ထို့နောက် ကိုယ်တော်က "သင်၏ အပြစ်ကို ဖြေလွှတ်ပြီ" ဟု အမျိုးသမီးအား မိန့်တော်မူ၏။ ကိုယ်တော်နှင့် ညစာစားနေကြသူတို့သည် "အပြစ်ကိုပင်ဖြေလွှတ်သော ဤသူကားအဘယ်သူနည်း" ဟု အချင်းချင်းပြောဆိုကြ၏။ **(လုကာ ၇း၄၈-၄၉)**

ညီအစ်ကိုတို့၊ ထိုအရှင်ကိုအမှီပြု၍ အပြစ်ဖြေလွှတ်ခြင်းအကြောင်းကို သင်တို့အား ငါပြောကြားလျက်ရှိသည်ကိုရင်း၊ ထိုအရှင်ကို ယုံကြည်သူအပေါင်းတို့သည် မောရှေ၏ ပညတ်တရားက မဖြေမလွှတ်နိုင်သည့် အပြစ်ဟူသမျှမှ ဖြေလွှတ်နိုင်ကြောင်းကိုလည်း သိမှတ်ကြလော့။ **(တမန်တော် ၁၃း၃၈-၃၉)**

ငါတို့သည် ခရစ်တော်အသေခံတော်မူခြင်းကြောင့် အပြစ်၏အနှောင်အဖွဲ့မှ လွတ်မြောက်ကြ၍ ဘုရားသခင် ရက်ရောစွာချပေးတော်မူသည့် ကျေးဇူးတော်အားဖြင့် အပြစ်ဖြေလွှတ်ခွင့်ကို ရရှိကြ၏။ **(ဧဖက် ၁း၇)**

သို့ရာတွင် အပြစ်ဝန်ချကြလျှင် ဘုရားသခင်သည် ကတိတည်တော်မူ၍ တရားမျှတတော်မူသော အရှင်ဖြစ်တော်မူသဖြင့် ငါတို့၏အပြစ်များကိုဖြေလွှတ်၍ ငါတို့အား ဒုစရိုက်အညစ်အကြေးအပေါင်းတို့နှင့် ကင်းစင်စေတော်မူလိမ့်မည်။
**(၁ ယောဟန် ၁း၉)**

# ယေရှုက မကောင်းဆိုးဝါးများကို အောင်နိုင်ခြင်း

တရားဇရပ်ထဲတွင် ညစ်ညမ်းသော နတ်ပူးဝင်နေသူတစ်ယောက်ရှိ၏။ ညစ်ညမ်းသောနတ်က "နာဇရက်မြို့သား ယေရှု၊ အရှင်သည် အကျွန်ုပ်တို့နှင့် အဘယ်သို့သက်ဆိုင်တော်မူပါသနည်း။ အကျွန်ုပ်တို့အား သေကြေပျက်စီးစေရန် ကြွလာတော်မူသလော။ အရှင်သည် မည်သူဖြစ်သည်ကို အကျွန်ုပ်သိပါ၏။ အရှင်ကား ဘုရားသခင်ထံမှ ကြွလာတော်မူသော သန့်ရှင်းမြင့်မြတ်သူဖြစ်ပါသည်" ဟု ကျယ်လောင်စွာဟစ်အော်၏။ သခင်ယေရှုက "တိတ်တိတ်နေလော့။ သူ့အထဲမှထွက်ခဲ့လော့" ဟုမိန့်တော်မူ၏။ နတ်မိစ္ဆာသည် ထိုသူတို့ရှေ့မှာ လှဲချလိုက်၏။ ထို့နောက် ဘေးအန္တရာယ်မပြုဘဲ သူ့အထဲမှ ထွက်သွား၏။ လူအပေါင်းတို့သည် အံ့သြလျက် "ဤသူ၏အမိန့်စကားကား အဘယ်သို့နည်း။ သူသည် ညစ်ညမ်းသောနတ်များအား ထွက်သွားရန် တန်ခိုးအာဏာဖြင့်အမိန့်ပေး၍ သူတို့သည် ထွက်သွားကြပါသည်တကား" ဟု အချင်းချင်းပြောဆိုကြ၏။ **(လုကာ ၄:၃၃-၃၆)**

သူငယ်တစ်ဦးလာနေစဉ် နတ်မိစ္ဆာသည် သူ့အားမြေပေါ်သို့လှဲ၍ တုန်တက်စေ၏။ သခင်ယေရှုသည် နတ်မိစ္ဆာအား အမိန့်ပေး၍ သူငယ်ကို ကျန်းမာစေတော်မူပြီးနောက် ဖခင်အားပြန်လည်ပေးအပ်တော်မူ၏။ လူအပေါင်းတို့သည်ဘုရားသခင်ထံမှ မဟာတန်ခိုးတော်ကိုမြင်ရ၍ အံ့သြကြကုန်၏။ **(လုကာ ၉:၄၂-၄၃)**

နာဇရက်မြို့သား ယေရှုသည် ဘုရားသခင်ထံတော်မှ သန့်ရှင်းသောဝိညာဉ်တော်နှင့်တန်ခိုးတော် အဘယ်သို့ခံယူရရှိသည့်အကြောင်းကို သင်တို့သိကြ၏။ ဘုရားသခင်သည် ကိုယ်တော်နှင့်အတူရှိတော်မူသဖြင့် ကိုယ်တော်သည် အရပ်ရပ်သို့ လှည့်လည်၍ လူတို့အားကျေးဇူးပြုလျက် မာရ်နတ်နှိပ်စက်သူအပေါင်းတို့အား ကျန်းမာစေတော်မူခဲ့၏။ **(တမန်တော် ၁၀:၃၈)**

# ယေရှုက သေခြင်းတရားကို ထိန်းချုပ်နိုင်စွမ်းရှိခြင်း

သခင်ယေရှုက "ကျောက်တုံးကိုရွှေ့လိုက်ကြလော့" ဟု မိန့်တော်မူ၏။ သေလွန်သူ၏အစ်မ မာသက "အရှင်ဘုရား၊ ယခုအခါဆိုလျှင် အနံ့ထွက်နေပါလိမ့်မည်။ သူသေသည်မှာ လေးရက်ရှိပါပြီ" ဟု လျှောက်၏။ သခင်ယေရှုက "သင်ယုံကြည်လျှင် ဘုရားသခင်၏ ဘုန်းအသရေတော်ကို မြင်ရလိမ့်မည်ဟူ၍ ငါပြောသည်မဟုတ်လော" ဟု မိန့်တော်မူ၏။ ထို့နောက် "လာဇရုထွက်ခဲ့လော့" ဟု ကျယ်လောင်စွာ အမိန့်ပေးတော်မူ၏။ ထိုအခါ သေလွန်သောသူသည် ခြေလက်၌အဝတ်ဖြင့်ပတ်လျက် မျက်နှာ၌ ပဝါဖြင့် စည်းလျက်ထွက်လာလေသည်။ သခင်ယေရှုက "သူ့အားပတ်ထားသည့် အဝတ်များကို ဖြေပေးကြလော့" ဟု မိန့်တော်မူ၏။

**(ယောဟန် ၁၁:၃၉-၄၀၊ ၄၃-၄၄)**

တရားဇရပ်အုပ်ချုပ်ရေးမှူးတစ်ဦးသည် ယေရှုထံသို့လာ၍ "အကျွန်ုပ်၏ သမီးသည် ယခုပင်သေဆုံးသွားပါသည်။ သို့ရာတွင် အရှင်ကြွတော်မူ၍ သူ့အပေါ်မှာ လက်တော်ကို တင်တော်မူလျှင် သူသည် အသက်ရှင်လာပါလိမ့်မည်" ဟု လျှောက်ထားတောင်းပန်၏။ ကိုယ်တော်သည် လူတို့ကို အပြင်သို့ထွက်စေပြီးနောက် အခန်းထဲသို့ ဝင်၍ သူငယ်မ၏လက်ကိုကိုင်လျက် ထူမတော်မူသောအခါ သူငယ်မသည်ထလေ၏။

**(မဿဲ ၉:၁၈၊၂၅)**

မြို့တံခါးအနီးသို့ ကိုယ်တော်ရောက်ချိန်၌ လူတို့သည် မုဆိုးမတစ်ယောက်၏ တစ်ဦးတည်းသောသား၏အလောင်းကို သင်္ဂြိုဟ်ရန် မြို့ပြင်သို့ ထုတ်ယူလာကြ၏။ ထိုမုဆိုးမနှင့်အတူ မြို့သူမြို့သားတို့သည် လိုက်ပို့ကြ၏။ ကိုယ်တော်သည် ထိုအမျိုးသမီးကို မြင်သောအခါ သနားတော်မူသဖြင့် "မငိုနှင့်" ဟု သူ့အား မိန့်တော်မူ၏။ ထို့နောက် အနီးသို့ကြွတော်မူပြီးလျှင် အလောင်းစင်ကို လက်တော်ဖြင့် တို့ထိတော်မူ၏။ ကိုယ်တော်က "အချင်းလူငယ်၊ ထလော့၊ သင့်အားငါအမိန့်ပေး၏" ဟု မိန့်တော်မူရာ သူသေသည် ထိုင်ပြီးလျှင်စကားပြောလေ၏။

**(လုကာ ၇:၁၂-၁၅)**

# ယေရှု၏ အမှုတော်ဆောင်မှုအပေါ် တုန့်ပြန်မှုများ

သခင်ယေရှုသည် တပည့်တော်တို့အား "လူတို့သည် ငါ့ကို အဘယ်သူဖြစ်သည်ဟု ပြောဆိုကြသနည်း" ဟု မေးတော်မူ၏။ "လူအချို့က အရှင်သည် ဗတ္တိဇံဆရာယောဟန်ဖြစ်သည်။ အချို့က ဧလိယဖြစ်သည်။ အချို့က ယေရမိ (သို့မဟုတ်) အခြားပရောဖက်တစ်ပါးပါးဖြစ်သည်ဟု ပြောဆိုကြပါသည်" ဟု လျှောက်ကြ၏။ ကိုယ်တော်က "သင်တို့က ငါ့ကို အဘယ်သူဟုဆိုကြသနည်း" ဟု မေးတော်မူလျှင် ပေတရုက "အရှင်သည် အသက်ရှင်တော်မူသော ဘုရားသခင်၏ သားတော်တည်းဟူသော ခရစ်တော်ဖြစ်ပါသည်" ဟု လျှောက်လေ၏။ ယေရှုက "ယောဟန်၏သားရှိမုန်၊ သင်သည် မင်္ဂလာရှိ၏။ ဤအကြောင်းကို သာမန်လူတစ်ယောက်အနေဖြင့် သင်မသိနိုင်။ ကောင်းကင်ဘုံရှင် ငါ၏ခမည်းတော်က ဖော်ပြတော်မူ၍သာ သင်သိသတည်း" ဟု မိန့်တော်မူ၏။

**(မဿဲ ၁၆:၁၃-၁၇)**

လူအချို့တို့က "ဤသူသည် နတ်မိစ္ဆာစွဲကပ်သော သူရူးဖြစ်၏။ အဘယ်ကြောင့် သူ့စကားကို သင်တို့ နားထောင်ကြသနည်း" ဟု ဆိုကြ၏။ သို့ရာတွင် အခြားသူတို့က "နတ်မိစ္ဆာစွဲကပ်သူသည် ဤသို့သောစကားကို မပြောမဆိုနိုင်ရာ။ နတ်မိစ္ဆာစွဲကပ်သူသည် အဘယ်သို့လျှင် မျက်မမြင်များကို မျက်စိမြင်စေနိုင်ပါမည်နည်း" ဟု ဆိုကြ၏။ **(ယောဟန် ၁၀:၂၀-၂၁)**

ထိုအခါ ယုဒလူမျိုး အမြောက်အမြားပင် သခင်ယေရှုပြုတော်မူသောအမှုကို တွေ့မြင်ကြသဖြင့် ကိုယ်တော်ကို ယုံကြည်လာကြ၏။ သို့ရာတွင် အချို့တို့သည် ဖာရိရှဲများ၏ ထံသို့သွား၍ သခင်ယေရှုပြုတော်မူသောအမှုကို ပြောကြားကြ၏။ ထို့နေ့မှစ၍ ယုဒအာဏာပိုင်တို့သည် သခင်ယေရှုကိုသတ်ရန် တိုင်ပင်ကြံစည်ကြ၏။

**(ယောဟန် ၁၁:၄၅-၄၆၊၅၃)**

သူတို့သည် ငါ့ကို အကြောင်းမဲ့မုန်းကြ၏။ **(ယောဟန် ၁၅:၂၅)**

# ယေရှုက သူ၏သေဆုံးခြင်းနှင့် ရှင်ပြန်ထမြောက်မည့် အကြောင်း ကြိုတင်နိမိတ်ဖတ်ခြင်း

ကိုယ်တော်က "မြင့်မြတ်သောလူသားသည် ဒုက္ခဝေဒနာများစွာ ခံတော်မူရမည်။ ဘာသာရေးခေါင်းဆောင်များ၊ ယဇ်ပရောဟိတ်ကြီးများ၊ ကျမ်းတတ်ဆရာများသည် ထိုလူသားကို ပစ်ပယ်ကြလိမ့်မည်။ သူသည် အသတ်ခံရမည်။ သို့သော် အသတ်ခံရပြီးနောက် သုံးရက်ကြာသော် ရှင်ပြန်ထမြောက်လိမ့်မည်" ဟု တပည့်တော်တို့အား သွန်သင်တော်မူ၏။ **(မာကု ၈:၃၁)**

ကိုယ်တော်က "ငါသည် မြေမှမြောက်ထားခြင်းခံရသောအခါ လူခပ်သိမ်းတို့ကို ငါ့ထံသို့ ဆွဲဆောင်မည်" ဟု မိန့်တော်မူ၏။ ဤသို့ မိန့်တော်မူခြင်းမှာ မိမိသည် အဘယ်သို့အသတ်ခံရမည်ကို အရိပ်အမြွက်အားဖြင့် ဖော်ပြတော်မူခြင်းဖြစ်၏။

**(ယောဟန် ၁၂:၃၂-၃၃)**

သခင်ယေရှုက "ဤဗိမာန်တော်ကို ဖြိုဖျက်ကြလော့။ သုံးရက်အတွင်း ငါပြန်လည် တည်ဆောက်မည်" ဟု မိန့်တော်မူ၏။ ယုဒအမျိုးသားတို့က "ဤဗိမာန်တော်ကို လေးဆယ့်ခြောက်နှစ်တိုင်တိုင် တည်ဆောက်ခဲ့ရ၏။ သင်က သုံးရက်နှင့် ပြန်လည် တည်ဆောက်နိုင်ပါမည်လော" ဟု မေးကြ၏။ ကိုယ်တော်ကား မိမိ၏ ကိုယ်ခန္ဓာတည်း ဟူသော ဗိမာန်တော်ကို ရည်စူး၍ မိန့်တော်မူခြင်းဖြစ်၏။ သို့မှသာ တပည့်တော်တို့သည် ကိုယ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်သောအခါ ကိုယ်တော်မိန့်တော်မူခဲ့သည်ကို ပြန်လည်သတိရကြမည် ဖြစ်သည်။

**(ယောဟန် ၂:၁၉-၂၂)**

ယောနသည် ငါးကြီး၏ဝမ်းထဲတွင် သုံးရက်တိုင်တိုင်နေရသကဲ့သို့ မြင့်မြတ်သော လူသားသည်လည်း မြေကြီးထဲတွင်သုံးရက်နေရလတ္တံ့။

**(ယောဟန် ၁၂:၄၀)**

သို့ရာတွင် ငါသည်သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက် သင်တို့အလျင် ဂါလိလဲပြည်သို့သွားနှင့်မည်။ **(မဿဲ ၂၆:၃၂)**

# ယေရှုသည် သေမည်ကိုမကြောက်ဘဲ ယေရှုရှလင် မြို့တော်သို့ ဝင်ရောက်ခြင်း

နောက်တစ်နေ့၌ ပသခါပွဲတော်သို့ လာကြကုန်သော လူပရိသတ်အပေါင်းတို့သည် ယေရုရှလင်မြို့သို့ သခင်ယေရှုကြွလာတော်မူမည်ဟု ကြားသဖြင့် စွန်ပလွန်ခက်များကို ကိုင်ဆောင်ကာ ထွက်သွားပြီးလျှင် "ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းကြ လော့။ ထာဝရဘုရား၏နာမတော်နှင့် ကြွလာသော ဣသရေလအရှင်သည် မင်္ဂလာ ရှိစေတော်မူသတည်း" ဟု ကြွေးကြော်လျက် ကိုယ်တော်အားကြိုဆိုကြ၏။ ကျမ်းစာတော်တွင် "အို၊ ဇိအုန်မြို့သားတို့၊ မကြောက်ကြနှင့်၊ ကြည့်လော့။ သင်တို့၏အရှင်သည် မြည်းကလေးကိုစီးလျက် ကြွလာလေပြီ" ဟု ပါရှိသည်နှင့်အညီ သခင်ယေရှုသည် မြည်းတစ်ကောင်ကိုတွေ့၍ ထိုမြည်းကိုစီးတော်မူ၏။

**(ယောဟန် ၁၂း၁၂–၁၅)**

ကိုယ်တော်သည် ယေရုရှလင်မြို့သို့ဝင်ရာတွင် လူပရိသတ်များက စိတ်ရွှင်လန်းဝမ်းမြောက်စွာဖြင့် ကြိုဆိုကြသော်လည်း မိမိအားအရှင်သခင်အဖြစ် လက်ခံရန်ကိုမူ ငြင်းပယ်လိမ့်မည်ဖြစ်ကြောင်း သိရှိလေသည်။ ယေရှုသည် ဤလူပရိသတ်များက မိမိတို့ထံ ငြိမ်သက်ခြင်းကိုပေးမည့် တစ်ပါးတည်းသောအရှင်ကို လက်ခံရန် ငြင်းဆန်သည့်အတွက် ယေရုရှလင်မြို့သားတို့အပေါ် ကျရောက်မည့်ဒုက္ခကိုတွေးမိတိုင်း ငိုကြွေးမိလေသည်။

ကိုယ်တော်သည် ယေရုရှလင်မြို့အနီးသို့ရောက်၍ ထိုမြို့ကိုမြင်တော်မူလျှင် ငိုကြွေး တော်မူ၏။ ကိုယ်တော်က "အချင်းမြို့၊ သင်သည် ငြိမ်းချမ်းသာယာမှုကိုရစေသည့်လမ်းကို ယနေ့သိမြင်လျှင် မင်္ဂလာရှိ၏။ သို့ရာတွင် ထိုလမ်းကို သင်သည် မသိမမြင်နိုင်။ ရန်သူများသည် သင့်အား အဘက်ဘက်မှ ဝိုင်းရံပိတ်ဆို့သည့် အချိန်ကာလရောက်လျှင် သင်သည် ကျောက်တစ်ချပ်မျှတင်၍ နေလိမ့်မည်မဟုတ်။ အကြောင်းမှာ သင်သည် မိမိအားကယ်တင်ရန် ဘုရားသခင်ကြွလာသည့် အချိန်ကာလကို မသိမမြင်သောကြောင့်ဖြစ်၏" ဟု မိန့်တော်မူ၏။ **(လုကာ ၁၉း၄၁–၄၄)**

# ယေရှု – ပသခါပွဲတော်၏ ယဇ်ကောင်သိုးသူငယ်

ယောဟန်သည် မိမိထံသို့ သခင်ယေရှုကြွလာသည်ကိုမြင်လျှင် "လောကသားတို့၏အပြစ်ကို ယူဆောင်သွားတော်မူသော ဘုရားသခင်၏သိုးသူငယ်ကို ကြည့်ကြလော့" ဟု ဆိုလေ၏။ **(ယောဟန် ၁း၂၉)**

တဆေးမဲ့မုန့်ပွဲတော်တွင် ပသခါသိုးငယ်ကိုသတ်၍ ပူဇော်ရာနေ့ရက် ကျရောက်လာ၏။ ကိုယ်တော်က ပေတရုနှင့် ယောဟန်တို့အား "ငါတို့စားရန် ပသခါပွဲညစာကို သွား၍ ပြင်ဆင်ကြလော့" ဟု ဆို၍ စေလွှတ်တော်မူ၏။ ထို့နောက် ကိုယ်တော်သည် မုန့်ကိုယူ၍ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းတော်မူပြီးလျှင် မုန့်ကိုဖဲ့၍ တပည့်တော်တို့အား ပေးတော်မူ၏။ ကိုယ်တော်က "ဤမုန့်ကား သင်တို့အတွက် စွန့်သော ငါ၏ကိုယ်ခန္ဓာဖြစ်၏။ ငါ့ကို အောက်မေ့သတိရရန် ဤသို့ပြုကြလော့" ဟု မိန့်တော်မူ၏။ စပျစ်ရည်ခွက်ကိုလည်းယူ၍ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပြီးနောက် "ဤစပျစ်ရည်ကား လူအများအတွက်သွန်းသော ဘုရားသခင်၏ ပဋိညာဉ်တော်ကို တံဆိပ်ခပ်နှိပ်သော ငါ၏သွေးဖြစ်၏" ဟု မိန့်တော်မူ၏။

**(လုကာ ၂၂း၇–၈၊၁၉။ မာကု ၁၄း၂၃–၂၄)**

ထိုသူသည် ညှဉ်းဆဲခြင်းနှင့် နှိမ့်ချခြင်းကိုခံ၍ နှုတ်ကိုမဖွင့်ဘဲနေ၏။ အသေသတ်ခြင်းငှာဆောင်သွားသော သိုးသူငယ်ကဲ့သို့ သူ့ကိုဆောင်သွား၍ သိုးသည် အမွေးညှပ်သောသူရှေ့မှာ အသံမပြည်ဘဲနေသကဲ့သို့ သူသည် နှုတ်ကိုမဖွင့်ဘဲနေ၏။ **(ဟေရှာယ ၅၃း၇)**

အကယ်စင်စစ်ခရစ်တော်တည်းဟူသော ပသခါသိုးသူငယ်သည် ငါတို့အတွက် ယဇ်တင်ခြင်းကိုခံလေသည်။ **(၁ ကော ၅း၇)**

ရွှေ၊ ငွေ အစရှိသည့် ဖောက်ပြန်ပျက်စီးတတ်သောအရာက သင်တို့ကို မလွတ်မြောက်စေဘဲ အပြစ်အနာအဆာကင်းစင်သည့် သိုးသူငယ်နှင့်တူသော ခရစ်တော်၏အသက်တော်ကို တင်လှူပူဇော်ခြင်းက သင်တို့အား လွတ်မြောက်စေကြောင်း သင်တို့သိကြ၏။ **(၁ ပေတရု ၁း၁၈–၁၉)**

# ယေရှုသစ္စာဖောက်ခံရ၍ အဖမ်းခံရခြင်း

တပည့်တော်တစ်ကျိပ်နှစ်ပါးတွင် အပါအဝင်ဖြစ်သော ယုဒရှကာရုတ်သည် ကိုယ်တော်ကို ရန်သူ့လက်သို့အပ်ရန် ယဇ်ပုရောဟိတ်ကြီးများထံသို့သွား၏။ ထိုသူတို့သည် သူလာရသည့်အကြောင်းကို ကြားသိသောအခါ ဝမ်းမြောက်သဖြင့် သူ့အားငွေပေးရန် ကတိပြုကြ၏။ **(မာကု ၁၄း၁၀–၁၁)**

ထို့နောက် သခင်ယေရှုသည် တပည့်တော်တို့နှင့်အတူ ဂေသရေမန်အမည်ရှိသော အရပ်သို့ ရောက်ရှိတော်မူ၏။ ကိုယ်တော်က "ငါသည် ထိုနေရာသို့သွား၍ ဆုတောင်းနေစဉ် သင်တို့ဤနေရာတွင် စောင့်နေကြလော့" ဟု တပည့်တော်တို့အား မှာကြားတော်မူပြီးလျှင် ပေတရုနှင့် ဇေဗေဒဲ၏သားနှစ်ယောက်တို့ကို ခေါ်သွားတော်မူ၏။ သို့ရာတွင် ကိုယ်တော်သည် စိတ်မချမ်းမသာဖြစ်တော်မူလျက် လွန်စွာသောကရောက်တော်မူလေ၏။ ထို့နောက် ရှေ့သို့အနည်းငယ်ကြွတော်မူ၍ မြေပေါ်တွင်ပျပ်ဝပ်တော်မူပြီးလျှင် "အိုကျွန်ုပ်၏ အဖ၊ ဖြစ်နိုင်ပါက ဤဒုက္ခဝေဒနာခွက်ကို အကျွန်ုပ်ထံမှ လွှဲဖယ်ပေးတော်မူပါ။ သို့ရာတွင် ကျွန်ုပ်၏အလိုအတိုင်းမဟုတ်ဘဲ ကိုယ်တော်၏ အလိုတော်အတိုင်းသာ ဖြစ်စေတော်မူပါ" ဟု ဆုတောင်းတော်မူ၏။

**(မဿဲ ၂၆း၃၆–၃၇၊၃၉)**

သို့ဖြစ်၍ ယုဒသည် ရောမစစ်တပ်ခွဲတစ်တပ်ကိုင်၎င်း၊ ယဇ်ပုရောဟိတ်ကြီးများနှင့် ဖာရိရှဲများ၏ အစောင့်တပ်သားများကို၎င်း ဦးဆောင်၍ သူတို့သည် မီးအိမ်များ၊ မီးတုတ်များနှင့် လက်နက်များကို ကိုင်ဆောင်လာကြ၏။ ထို့နောက်ရောမတပ်သားများနှင့် ယုဒအမျိုးသား အစောင့်တပ်သားများသည် ကိုယ်တော်ကိုဖမ်းဆီး၍ ချည်နှောင်ကြလေ၏။ **(ယောဟန် ၁၈း၃၊၁၂)**

ယဇ်ပုရောဟိတ်ကြီးများနှင့်တကွ ယုဒတရားလွှတ်တော်အဖွဲ့ဝင်အပေါင်းတို့သည် သခင်ယေရှုအား သေဒဏ်ပေးနိုင်ရန် သက်သေကိုရှာသော်လည်း မတွေ့ကြ။ လူအများပင် လိမ်လည်သက်သေခံကြ၏။ သို့ရာတွင် သူတို့၏ထွက်ဆိုချက်များ ကိုက်ညီမှုမရှိပေ။ **(မာကု ၁၄း၅၅–၅၆)**

# ယေရှုသည် ပြစ်တင်ရှုတ်ချခံရ၍ ကားတိုင်တွင် အသတ်ခံရခြင်း

နံနက်စောစော၌ ယဇ်ပုရောဟိတ်ကြီးများနှင့် ဘာသာရေးခေါင်းဆောင်များသည် သခင်ယေရှုကိုသတ်ရန် တိုင်ပင်ကြ၏။ ထို့နောက်ကိုယ်တော်တို့ ချည်နှောင်၍ ရောမ ဘုရင်ခံ ပိလတ်မင်းထံပို့ဆောင်၍ အပ်လိုက်ကြ၏။ ပိလတ်မင်းက "သို့ဖြစ်လျှင် ခရစ်တော်ဆိုသူကို ငါအဘယ်သို့ပြုရမည်နည်း" ဟု မေး၏။ ထိုသူအပေါင်းတို့က "သူ့အား လက်ဝါးကပ်တိုင်တွင်တင်၍ သတ်ပါ" ဟု ဆိုကြ၏။

**(မဿဲ ၂၇း၁-၂၊၂၂)**

ကိုယ်တော်ကို လက်ဝါးကပ်တိုင်တွင်တင်၍ သတ်သည့်အချိန်မှာ နံနက်ကိုးနာရီ ဖြစ်၏။ ကိုယ်တော်၏ပြစ်မှုကို ကဗ္ဗည်းရေးထိုး၍ လက်ဝါးကပ်တိုင်အထက်တွင် တင်ထားသည်ကား 'ယုဒအရှင်' ဟူ၍ဖြစ်သတည်း။ ကိုယ်တော်နှင့်အတူ ဓားပြ နှစ်ယောက်ကို လက်ယာဘက်တွင်တစ်ယောက်၊ လက်ဝဲဘက်တွင်တစ်ယောက် လက်ဝါး ကပ်တိုင်တွင်တင်၍ သတ်ကြ၏။ လမ်းသွားလမ်းလာတို့သည် ခေါင်းညိတ်လျက် "ဟဲ့ ဗိမာန်တော်ကိုဖြိုဖျက်၍ သုံးရက်အတွင်းပြန်လည်တည်ဆောက် မည့်သူ၊ လက်ဝါးကပ်တိုင်ပေါ်မှ ဆင်းခဲ့လော့။ သင့်ကိုယ်ကို သင်ကယ်တင်လော့" ဟုဆို၍ ကိုယ်တော်ကို သရော်ကြ၏။ ထိုနည်းတူစွာ ယဇ်ပုရောဟိတ်ကြီးများနှင့် ကျမ်းတတ်ဆရာများကလည်း "ဤသူသည် သူတစ်ပါးကိုကယ်တင်၏။ မိမိကိုယ်ကိုမူ မကယ်တင်နိုင်ပါတကား" ဟု ပြောင်လှောင်ကြ၏။ **(မာကု ၁၅း၂၅-၃၁)**

သခင်ယေရှုသည် "အိုအဖ၊ကိုယ်တော်ရှင်၏လက်တော်သို့ အကျွန်ုပ်၏ဝိညာဉ်ကို အပ်ပါ၏" ဟု ကျယ်လောင်သောအသံဖြင့် ဟစ်အော်ကြွေးကြော်ပြီးနောက် အသက် ချုပ်တော်မူ၏။ **(လုကာ၂၃း၄၆)**

# ယေရှုသေဆုံးခြင်းကို မျက်မြင်သက်သေများမှ အစီရင်ခံခြင်း

မွန်းတည့်ချိန်မှအစပြု၍ မွန်းလွဲသုံးနာရီတိုင်အောင် မြေတစ်ပြင်လုံးတွင် မှောင်အတိကျလေ၏။ သခင်ယေရှုသည် တစ်ဖန်ကျယ်လောင်စွာ ဟစ်အော်တော်မူပြီးလျှင် အသက်ချုပ်တော်မူ၏။ ထိုအခါ မြေလျှင်လှုပ်၍ ကျောက်ဆောင်များပြိုကွဲကြ၏။ တပ်မှူးနှင့်တကွ သခင်ယေရှုကိုစောင့်ကြည့်နေကြသော စစ်သားများသည် မြေလျှင်လှုပ်သည်ကိုင်း၊ အခြားအဖြစ်အပျက်များကိုင်း တွေ့မြင်ကြသောအခါ လွန်စွာကြောက်လန့်ကြ၍ "ဤသူကား အကယ်ပင် ဘုရားသခင်၏သားတော်ဖြစ်၏" ဟု ဆိုကြ၏။ **(မဿဲ ၂၇း၄၅၊၅၀–၅၁၊၅၄)**

ထို့ကြောင့် စစ်သားများသည်လာ၍ သခင်ယေရှုနှင့်အတူ လက်ဝါးကပ်တိုင်တွင် အတင်ခံရသော ပထမလူ၏ခြေများကိုချိုးပြီးလျှင် အခြားတစ်ယောက်၏ခြေများကိုလည်း ချိုးကြ၏။ ကိုယ်တော်ထံသို့ ရောက်ကြသောအခါ အသက်ချုပ်တော်မူပြီးကြောင်းကို တွေ့ရှိသဖြင့် နံရိုးကိုထိုးလိုက်ရာ ချက်ချင်းပင်သွေးနှင့်ရေထွက်လာ၏။ ဤသို့ဖြစ်ပျက်ရခြင်းမှာ "သူ၏အရိုးတစ်ချောင်းမျှမကျိုးစေရ" ဟုကျမ်းစာတော်တွင် ပါရှိသည့်အတိုင်းပင်တည်း။ အခြားကျမ်းစာတစ်ပိုဒ်တွင်လည်း "ထိုသူတို့သည် မိမိလှံဖြင့်ထိုးဖောက်သောသူကို ကြည့်ရှုကြရလိမ့်မည်" ဟုပါရှိသေး၏။ **(ယောဟန် ၁၉း၃၂–၃၇)**

သင်တို့သည် ကျွန်ုပ်တို့ကိုယ်တိုင်မျက်စိဖြင့်တွေ့မြင်ခဲ့ပြီး ဘုရားသခင်က သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသည့် သန့်ရှင်းကောင်းမြတ်တော်မူသော အသက်ပိုင်ရှင်ကို သတ်ဖြတ်ခဲ့ကြ၏။ **(တမန်တော် ၃း၁၄–၁၅)**

# ယေရှုသည် သင်္ချိုင်းစ်ခြင်းခံ၍ သုံးရက်မြောက်သော နေ့တွင် ရှင်ပြန်ထမြောက်ခြင်း

ယဇ်ပရောဟိတ်များနှင့် ဖာရိရှဲများသည် ပိလတ်မင်းထံသို့သွားပြီးလျှင် "အရှင်၊ ထိုလူလိမ်အသက်ရှင်စဉ်အခါက 'ငါသည် သုံးရက်ကြာသော်သေခြင်းမှ ထမြောက်မည်' ဟု ပြောဆိုခဲ့သည်ကို အကျွန်ုပ်တို့မှတ်မိပါ၏။ သို့ဖြစ်၍ သုံးရက်မြောက်သော နေ့အထိ သင်္ချိုင်းဂူကို လုံခြုံစွာပိတ်၍စောင့်ကြပ်စေရန် အမိန့်ပေးတော်မူပါ။ သို့မဟုတ်ပါမူ သူ၏တပည့်များသည် လာ၍ ရုပ်အလောင်းကိုခိုးယူကာ သူသည် သေခြင်းမှ ထမြောက်လေပြီဟု လူတို့အားပြောကြလိမ့်မည်" ဟု လျှောက်ထားကြ၏။ ပိလတ်မင်းက "အစောင့်တပ်တစ်တပ်ကိုခေါ်၍ သင်္ချိုင်းဂူကို အတတ်နိုင်ဆုံးစောင့်ကြပ်စေလော့" ဟုဆို၏။ သို့ဖြစ်၍ ထိုသူတို့သည် သင်္ချိုင်းဂူသို့သွားပြီးလျှင် ကျောက်တုံးကို ချိပ်တံဆိပ်ခပ်နှိပ်ကာ သင်္ချိုင်းဂူကို လုံခြုံစွာပိတ်ထားကြ၏။ ထို့နောက် စောင့်ကြပ်ရန် အစောင့်တပ်သားများကို ချထားကြ၏။ **(မဿဲ ၂၇:၆၂-၆၆)**

ဥပုသ်နေ့ ကုန်လွန်ပြီးနောက် တနင်္ဂနွေနေ့ မိုးလင်းစပြုသောအခါ မာဂဒလမြို့သူမာရိနှင့် အခြားမာရိနောက်တစ်ဦးတို့သည် သင်္ချိုင်းတော်သို့လာကြ၏။ ထိုအချိန်၌ မြေလျင်ပြင်းစွာလှုပ်လေသည်။ ဘုရားသခင်၏ ကောင်းကင်တမန်သည် ကောင်းကင်ဘုံမှဆင်းသက်လာ၍ သင်္ချိုင်းဂူဝမှကျောက်တုံးကို လှိမ့်ဖယ်လိုက်ပြီးလျှင် ထိုကျောက်တုံးပေါ်မှာ ထိုင်နေ၏။ သူ၏အဆင်းသဏ္ဌာန်သည် လျှပ်စစ်လက်သကဲ့သို့ဖြစ်၍ သူ၏အဝတ်အထည်သည် မိုးပွင့်ကဲ့သို့ဖြူ၏။ အစောင့်တပ်သားများသည် လွန်စွာကြောက်လန့်သဖြင့် တုန်လှုပ်ကာ သေသကဲ့သို့ဖြစ်ကြ၏။ ကောင်းကင်တမန်က အမျိုးသမီးတို့အား "မကြောက်ကြနှင့်။ လက်ဝါးကပ်တိုင်တွင်တင်၍ အသတ်ခံရသည့် ယေရှုကို သင်တို့ ရှာနေကြောင်းကို ငါသိ၏။ ကိုယ်တော်သည် ယခင်ကမိန့်တော်မူသည့်အတိုင်း သေခြင်းမှရှင်ပြန်ထမြောက်တော်မူပြီ" ဟု ဆို၏။

**(မဿဲ ၂၈:၁-၆)**

# ယေရှုကသေခြင်းကို အောင်နိုင်ခြင်း

ကိုယ်တော်သည် ကျမ်းစာလာသည့်အတိုင်း သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူသည်။ **(၁ ကော ၁၅း၄)**

ငါသည် အသက်တစ်ဖန်ပြန်လည်ရရှိစေရန် ကိုယ့်အသက်ကိုစွန့်တော်မူသည်။ အဘယ်သူမှ ငါ့အသက်ကို စွန့်စေသည်မဟုတ်။ ငါ့အလိုအလျောက် စွန့်ခြင်းဖြစ်၏။ ငါ့မှာ အသက်ကိုစွန့်ပိုင်ခွင့်၊ ပြန်ယူပိုင်ခွင့်ရှိ၏။ **(ယောဟန် ၁၀း၁၇–၁၈)**

ထာဝရဘုရားသခင်သည် သေခြင်းကို နစ်မွန်းဆုံးရှုံးစေတော်မူလိမ့်မည်။ ထို့ပြင် ခပ်သိမ်းသောလူအပေါင်း၏မျက်နှာတို့မှ မျက်ရည်ကိုသုတ်တော်မူလိမ့်မည်။ **(ဟေရှာယ ၂၅း၈)**

ငါသည် အစနှင့် အဆုံးဖြစ်၏။ ငါသည် အသက်ရှင်တော်မူသောသူဖြစ်၏။ ငါသည် သေခဲ့၏။ ယခုမှာမူ ကမ္ဘာအဆက်ဆက် အသက်ရှင်လျက်ရှိ၏။ ငါသည် သေခြင်းတရားနှင့် မရဏနိုင်ငံကို အစိုးရ၏။ **(ဗျာဒိတ် ၁း၁၈)**

"အို မရဏနိုင်ငံ၊ သင်၏ အောင်မြင်ခြင်းကား အဘယ်မှာနည်း။ အိုသေမင်း၊ သင်၏ အစွယ်ကား အဘယ်မှာနည်း" သို့ရာတွင် အရှင်ယေရှုခရစ်အားဖြင့် ငါတို့အား သေခြင်းကို အောင်မြင်ခွင့်ပေးတော်မူသော ဘုရားသခင်၏ကျေးဇူးတော်သည် ကြီးလှစွာတကား။ **(၁ ကော ၁၅း၅၅၊၅၇)**

ဤအခြင်းအရာကို သင်တို့မအံ့ဩကြနှင့်။ သင်္ချိုင်းမှာသူသေတို့သည် သားတော်၏အသံတော်ကိုကြား၍ ထွက်လာကြမည့် အချိန်ကျရောက်လိမ့်မည်။ အကျင့်ကောင်းကို ပြုခဲ့သူတို့သည် ထမြောက်၍ အသက်ရှင်ကြရလိမ့်မည်။ အကျင့်ဆိုးကိုပြုခဲ့သူတို့မူကား ထမြောက်၍ အပြစ်စီရင်ခြင်းကို ခံရလိမ့်မည်။ **(ယောဟန် ၅း၂၈–၂၉)**

# ယေရှုရှင်ပြန်ထမြောက်ပြီးနောက် ကိုယ်ထင်ပြခြင်း

တနင်္ဂနွေနေ့နံနက်စောစောအချိန်၌ ကိုယ်တော်သည် သေခြင်းမှထမြောက်တော်မူပြီးနောက် ဦးစွာ မာဂဒလရွာသူ မာရိအားကိုယ်ထင်ပြတော်မူ၏။ ထိုမာဒဂလရွာသူ မာရိထံမှ နတ်မိစ္ဆာခုနစ်ဦးကို ကိုယ်တော်သည်နှင်ထုတ်ပေးခဲ့၏။ ထို့နောက် တပည့်တော်နှစ်ယောက် တောရွာသို့သွားကြစဉ် ကိုယ်တော်သည် ခြားနားသော အသွင်ကိုဆောင်လျက် သူတို့အား ကိုယ်ထင်ပြတော်မူ၏။ **(မာကု ၁၆း၉၊၁၂)**

တပည့်တော်တို့သည် ယုဒအာဏာပိုင်တို့ကို ကြောက်သဖြင့် တနင်္ဂနွေနေ့ညဦး အချိန်၌ အိမ်တံခါးပိတ်၍ စုဝေးနေကြ၏။ ထိုအခါ သခင်ယေရှုသည် ကြွလာတော်မူ၍ ထိုသူတို့အလယ်မှာ ရပ်တော်မူလျက် "သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း" ဟု မိန့်တော်မူ၏။ သို့မိန့်တော်မူပြီးနောက် ကိုယ်တော်သည် လက်တော်နှင့်နံတော်ကို တပည့်တော်တို့အား ပြတော်မူ၏။ တပည့်တော်တို့သည် သခင်ဘုရားကို တွေ့မြင်ရသောအခါ ဝမ်းမြောက်ကြ၏။ **(ယောဟန် ၂၀း၁၉-၂၀)**

ကိုယ်တော်အား ပေတရုကဖူးမြင်ရပြီး နောက်လိုက်တစ်ကျိပ်နှစ်ပါးတို့ကလည်း ဖူးမြင်ကြရ၏။ ထို့နောက် ခရစ်ယာန်ညီအစ်ကို ငါးရာကျော်တို့သည် တစ်ပြိုင်နက် ဖူးမြင်ကြရ၏။ ထို့နောက် ကိုယ်တော်အား ယာကုပ်ဖူးမြင်ရ၏။ ထို့နောက် တမန်တော်အပေါင်းတို့ ဖူးမြင်ကြရ၏။ **(၁ ကော ၁၅း၅-၇)**

သို့ရာတွင် တတိယနေ့၌ ဘုရားသခင်သည် ကိုယ်တော်ကို သေခြင်းမှရှင်ပြန်ထမြောက်စေတော်မူ၍ ကိုယ်ထင်ပြစေတော်မူ၏။ လူတိုင်းကိုယ်တော်ကို ဖူးမြင်ခွင့်ရကြသည်မဟုတ်။ အသိသက်သေများအဖြစ်ဖြင့် ဘုရားသခင်ကြိုတင်ရွေးချယ်ထားသူ ငါတို့သာလျှင် ဖူးမြင်ကြရ၏။ ငါတို့သည် ကိုယ်တော်သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူပြီးနောက် ကိုယ်တော်နှင့်အတူ စားသောက်ခဲ့သူများဖြစ်ကြ၏။

**(တမန်တော် ၁၀း၄၀-၄၁)**

# ယေရှုက တပည့်တော်တို့အား အမှုတော်ဆောင်ရန် မှာကြားပြီး ကောင်းကင်ဘုံသို့ကြွမြန်းတော်မူခြင်း

ထို့နောက် တစ်ဖန်သခင်ယေရှုက "သင်တို့၌ ငြိမ်သက်ခြင်းရှိစေသတည်း။ ခမည်းတော်သည် ငါ့ကိုစေလွှတ်တော်မူသည့်နည်းတူ သင်တို့ကို ငါစေလွှတ်၏" ဟု မိန့်တော်မူ၏။ ထို့နောက် တပည့်တော်တို့အပေါ် တန်ခိုးတော်သက်ရောက်စေလျက် "သန့်ရှင်းသောဝိညာဉ်တော်ကို ခံယူကြလော့" ဟုမိန့်တော်မူ၏။

**(ယောဟန် ၂၀း၂၁-၂၂)**

သခင်ယေရှုက "ကောင်းကင်ဘုံ၌၎င်း၊ ကမ္ဘာမြေကြီးပေါ်၌၎င်း ရှိသမျှသော တန်ခိုးအာဏာတို့ကို ငါခံယူရရှိထားလေပြီ။ သို့ဖြစ်၍ သင်တို့သည်သွား၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေကြလော့။ သူတို့အား ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏နာမကို အမှီပြု၍ ဗတ္တိဇံမင်္ဂလာကိုပေးကြလော့။။ သင်တို့အား ငါပေးသမျှသောပညတ်တို့ကို စောင့်ထိန်းကြစေရန် သူတို့အားသွန်သင်ကြလော့။ ငါသည် ကပ်ကမ္ဘာကုန်ဆုံးချိန်တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိတော်မူမည်" ဟု မိန့်တော်မူ၏။ **(မဿဲ ၂၈း၁၈-၂၀)**

သို့ရာတွင် သင်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော် သက်ရောက်သောအခါ၌ သင်တို့သည် တန်ခိုးကိုခံယူရရှိကြလိမ့်မည်။ ထိုအခါ သင်တို့သည် ယေရုရှလင်မြို့၊ ယုဒပြည်တစ်ပြည်လုံးနှင့် ရှမာရိပြည်မှစ၍ ကမ္ဘာမြေကြီးအစွန်အဖျားတိုင်အောင် ငါ၏အကြောင်းကို သက်သေခံသူများဖြစ်ကြလိမ့်မည်။ ဤသို့ မိန့်တော်မူပြီးနောက် တမန်တော်တို့ကြည့်လျက်နေကြစဉ် ကိုယ်တော်သည် ကောင်းကင်ဘုံသို့ဆောင်ယူခြင်းကိုခံတော်မူ၏။ ထို့နောက် မိုးတိမ်သည် ကိုယ်တော်ကိုဖုံးကွယ်လေ၏။

**(တမန်တော် ၁း၈-၁၀)**

ဤသို့ တပည့်တော်တို့အား မိန့်တော်မူပြီးသောအခါ သခင်ယေရှုသည် ကောင်းကင်ဘုံသို့ဆောင်ယူခြင်းကို ခံတော်မူပြီးလျှင် ဘုရားသခင်၏လက်ယာတော်ဘက်တွင် ထိုင်နေတော်မူ၏။ တပည့်တော်တို့သည် သခင်ဘုရား၏ ကူညီလုပ်ဆောင်မှုဖြင့် အရပ်တကာသို့ သွားရောက်၍ တရားဟောပြောကြ၏။ **(မာကု ၁၆း၁၉-၂၀)**

# ယေရှုကတိတော်ထားရှိသည့်အတိုင်း သန့်ရှင်းသော ဝိညာဉ်တော်သက်ရောက်တော်မူခြင်း

ငါသည်ခမည်းတော်အား တောင်းလျှောက်သဖြင့် သင်တို့နှင့်အတူ အစဉ်အမြဲ ရှိ၍ သင်တို့အားမစတော်မူသော အခြားအရှင်တစ်ပါးကို ပေးတော်မူလိမ့်မည်။ ထိုအရှင်သည် ဘုရားသခင်အကြောင်းဆိုင်ရာ သမ္မာတရားကိုဖော်ပြသော ဝိညာဉ်တော်ဖြစ်၏။ လောကသားတို့သည် ထိုဝိညာဉ်တော်ကို မြင်လည်းမမြင်၊ သိလည်းမသိသဖြင့် မခံယူနိုင်။ ထိုဝိညာဉ်တော်သည် သင်တို့နှင့်အတူ တည်နေတော်မူ၍ သင်တို့စိတ်နှလုံးတွင် ကျိန်းဝပ်တော်မူသဖြင့် ထိုအရှင်ကိုသင်တို့သိကြ၏။ ငါသည်သင်တို့အား ခိုကိုးရာမဲ့ဖြစ်စေမည်မဟုတ်။ သင်တို့ထံသို့ ငါလာဦးမည်။

**(ယောဟန် ၁၄း၁၆–၁၈)**

ပင်တေကုတ္တေပွဲတော်နေ့ကျရောက်သောအခါ တပည့်တော်တို့သည် တစ်နေရာတည်းတွင်စုရုံးလျက်ရှိကြ၏။ ထိုအခါ လေပြင်းမုန်တိုင်းတိုက်ခိုက်သံနှင့်တူသောအသံသည် အထက်ကောင်းကင်မှ ရုတ်တရက်ပေါ်လာ၏။ ထို့နောက် တပည့်တော်တို့နေထိုင်ရာအိမ်သည် ထိုအသံဖြင့် ပြည့်လေ၏။ သူတို့သည် မီးလျှံများနှင့်တူသော အရာများကိုလည်း မြင်ကြ၏။ ယင်းမီးလျှံတို့သည် အဖြာဖြာကွဲကာ ထိုသူတို့ အပေါ်တွင်တည်နေ၏။ ထိုသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်ဖြင့်ပြည့်ဝလျက် ဝိညာဉ်တော်ပေးအပ်တော်မူသည့် တန်ခိုးစွမ်းရည်အတိုင်း ဘာသာစကားအမျိုးမျိုး ဟောပြောကြကုန်၏။ **(တမန်တော် ၂း၁–၄)**

ထိုသခင်ယေရှုအား ဘုရားသခင်ရှင်ပြန်ထမြောက်စေတော်မူကြောင်းကို ငါတို့အားလုံးပင် သက်သေဖြစ်ကြ၏။ ကိုယ်တော်သည် ဘုရားသခင်၏လက်ယာတော်ဘက်တွင် စံပယ်ရန် ချီးမြှင့်ခြင်းခံတော်မူပြီးနောက်၊ ခမည်းတော်ကတိထားတော်မူသည့် သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူ၍ သင်တို့ယခုတွေ့မြင်ကြားသိနေကြသည့် ဝိညာဉ်တော်ကို ငါတို့အပေါ်သို့ သွန်းလောင်းတော်မူသတည်း။

**(တမန်တော် ၂း၃၂–၃၃)**

# ယေရှုသည် ယနေ့တိုင် ယုံကြည်သူများ၏ နှလုံးအိမ်ဝယ် ရှင်သန်နေခြင်း

ငါနှင့်တစ်လုံးတစ်ဝတည်းနေကြလော့။ ငါသည်လည်း တစ်လုံးတစ်ဝတည်း တည်နေမည်။ စပျစ်ကိုင်းသည် အပင်၌တည်မနေလျှင် အသီးမသီးသီးနိုင်သကဲ့သို့ သင်တို့သည် ငါ၌တည်မနေလျှင် အသီးမသီးနိုင်ကြ။ ငါသည် စပျစ်ပင်ဖြစ်၏။ သင်တို့က အကိုင်းအခက်များဖြစ်၏။ ငါနှင့်ကင်းလျှင် သင်တို့သည် အဘယ်အရာကိုမျှ မတတ်နိုင်ကြသောကြောင့် မည်သူမဆို ငါ၌တည်နေ၍၊ ငါသည်လည်းသူ၌ တည်နေလျှင် များစွာသောအသီးကို သီးလိမ့်မည်။ **(ယောဟန် ၁၅:၄-၅)**

ဘုရားသခင်၏ ပညတ်တော်တို့ကို စောင့်ထိန်းသူသည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်၍ ဘုရားသခင်သည်လည်း ထိုသူနှင့် တစ်လုံးတစ်ဝတည်း ဖြစ်တော်မူ၏။ ယင်းသို့ဖြစ်တော်မူကြောင်းကို ကိုယ်တော်ပေးသနားတော်မူသော ဝိညာဉ်တော်အားဖြင့် ငါတို့သိကြရ၏။ **(၁ ယောဟန် ၃:၂၄)**

သို့ဖြစ်၍ ငါသည် အသက်မရှင်တော့ပဲ၊ ခရစ်တော်သာလျှင် ငါ့၌ရှင်တော်မူ၏။ ယခုငါ၌ရှိသောအသက်သည် ဘုရားသခင်၏သားတော်ကို ယုံကြည်ခြင်းအားဖြင့် ရှင်သန်လျက်နေသောအသက်ပင်ဖြစ်၏။ သားတော်သည် ငါ့ကိုချစ်တော်မူသဖြင့် ငါ့အတွက် မိမိအသက်ကို စွန့်တော်မူ၏။ **(ဂလာတိ ၂:၂၀)**

ကိုယ်တော်သည် သင်တို့အား စိတ်ဓါတ်ကြံ့ခိုင်စေစိမ့်သောငှာ ဝိညာဉ်တော်အားဖြင့် တန်ခိုးစွမ်းရည်ကို ပေးသနားတော်မူရန် ငါသည် ဆုတောင်းပဌနာပြု၏။ သင်တို့ယုံကြည်ခြင်းအားဖြင့် သင်တို့ စိတ်နှလုံးတွင် ကျိန်းဝပ်တော်မူရန် ငါဆုတောင်း၏။ **(ဧဖက် ၃:၁၆-၁၇)**

မိမိတို့ဇာတိသဘောအလိုအတိုင်း ပြုကျင့်သူတို့သည် ဘုရားသခင်၏စိတ်တော်နှင့်မတွေ့နိုင်။ သို့ရာတွင် ဘုရားသခင်၏ဝိညာဉ်တော်သည် သင်တို့အထဲ၌ အကယ်ပင် ကျိန်းဝပ်တော်မူလျှင် သင်တို့သည် ဇာတိသဘော လိုက်ဆောင်သည့်အတိုင်းမဟုတ်ဘဲ၊ ဝိညာဉ်တော်သွန်သင်သည့်အတိုင်း ပြုမူကျင့်ကြံကြ၏။ ခရစ်တော်၏ဝိညာဉ်တော် မကျိန်းဝပ်သောသူသည် ခရစ်တော်နှင့် မည်သို့မျှမသက်ဆိုင်။ **(ရောမ ၈:၈-၉)**

# ယေရှု၏ ဘုန်းကျက်သရေတော်ကို ချီးမွမ်းခြင်း

သို့သော် ငါတို့ တွေ့မြင်ကြရသူကား၊ ကာလအနည်းငယ်မျှ ကောင်းကင်တမန်များထက် နိမ့်ချမှုကိုခံရပြီး မိမိအသေခံတော်မူသည့်အတွက် ဘုန်းအသရေ၊ ဂုဏ်အသရေနှင့် ပြည့်ဝလျှက်ရှိတော်မူသော သခင်ယေရှုပင်ဖြစ်တော်မူ၏။

**(ဟေဗြဲ ၂း၉)**

အကြီးမြတ်ဆုံးသော ဘုန်းအသရေရောင်ခြည်တော်ရှင်က "ဤသူကား ငါနှစ်သက်မြတ်နိုးသော ငါ၏ ချစ်သားဖြစ်၏" ဟူသော အသံတော် မိန့်တော်မူသော အချိန်၌ ခမည်းတော်ဘုရားသခင်ထံတော်မှ ကိုယ်တော်သည် ဂုဏ်အသရေတော်နှင့် ဘုန်းအသရေတော် ခံယူတော်မူ၏။ ထိုစဉ်အခါက ငါတို့ကိုယ်တိုင်ပင်လျှင် ကိုယ်တော်နှင့်အတူ သန့်ရှင်းမြင့်မြတ်သော တောင်တော်ပေါ်တွင်ရှိ၍ မိုးကောင်းကင်မှ ထွက်ပေါ်လာသောအသံတော်ကို ကြားရပေသည်။ **(၂ ပေ ၁း၁၇-၁၈)**

ထိုမီးခွက်နှစ်ခုစလုံးအလယ်၌ လူနှင့်တူသူတစ်ဦးကိုတွေ့ရ၏။ ထိုသူသည် ခြေဖျားတိုင်အောင်ရောက်သည့် ဝတ်ရုံရှည်ခြုံ၍ ရွှေရင်စည်းကိုဝတ်ဆင်ထား၏။ သူ၏ ဆံပင်သည် မီးပွင့်ကဲ့သို့၎င်း၊ သိုးမွေးကဲ့သို့၎င်း ဖြူ၏။ သူ၏ မျက်လုံးများသည်လည်း မီးလျှံများကဲ့တောက်ပလျှက်နေ၏။ သူ၏ခြေတို့သည် မီးဖြင့်ချွတ်ထားသည့် တောက်ပသောကြေးဝါနှင့်တူ၏။ သူ၏အသံမှာ ရေတံခွန်ကြီး၏ အသံနှင့်တူ၏။ သူသည် လက်ယာလက်ဖြင့် ကြယ်ခုနစ်လုံးကို ကိုင်၍ထား၏။ သူ၏ခံတွင်းမှ ထက်သောသံလျှက်ထွက်လာ၏။ သူ၏ မျက်နှာသည်လည်း မွန်းတည့်နေကဲ့သို့တောက်ပ၏။ ထိုအရှင်ကို တွေ့သောအခါ ငါသည် သူသေသဖွယ် ခြေတော်ရင်း၌လဲကျသွားလေသည်။ ကိုယ်တော်သည် ငါ၏အပေါ်သို့ လက်ယာလက်တော်ကို တင်တော်မူပြီးလျှင် "မကြောက်နှင့်၊ ငါသည် အစနှင့် အဆုံးဖြစ်၏" ဟု မိန့်တော်မူ၏။ **(ဗျာဒိတ် ၁း၁၃-၁၇)**

# ယေရှုက အသင်းတော်များထံသို့ ဩဝါဒပို့သခြင်း

သင်သည် ယခုအခါ၌ ငါ့ကို မချစ်တော့သဖြင့် သင့်အား အပြစ်ဆိုစရာရှိ၏။ သို့ဖြစ်၍ သင်သည် အဘယ်မျှလောက်ကျဆင်းလာသည်ကို ဆင်ခြင်လော့။ နောင်တရ၍ အစကပြုကျင့်ခဲ့သည့်အတိုင်း ပြုကျင့်လော့။

**(ဗျာဒိတ် ၂း၄-၅)**

သင်ခံရမည့် ဆင်းရဲဒုက္ခများအတွက်မစိုးရိမ်နှင့်။ သေသည့်တိုင်အောင် သစ္စာစောင့်လော့။ သို့မှသာသင့်အား အသက်သရဖူကိုငါပေးမည်။

**(ဗျာဒိတ် ၂း၁၀)**

အောင်မြင်သောသူသည် ဝတ်ဖြူစင်ကြယ်ကို ဝတ်ရလိမ့်မည်။ ငါသည် သူ၏နာမည်ကို အသက်စာစောင်မှ ဖျက်ပယ်မည်မဟုတ်။ သူသည် ငါ၏တပည့်ဖြစ်ကြောင်း၊ ငါ၏ခမည်းတော်ရှေ့တွင် ငါထုတ်ဖော်ဝန်ခံမည်။ **(ဗျာဒိတ် ၃း၅)**

သင်သည် ခွန်အားစွမ်းရည်အနည်းငယ်သာရှိသော်လည်း၊ ငါ့ဩဝါဒကို လိုက်နာကာ ငါ၏သစ္စာကိုစောင့်ခဲ့ကြောင်း ငါသိ၏။ သင်၏ရှေ့၌ တံခါးကိုငါဖွင့်ထားပြီ။ ထိုတံခါးကို အဘယ်သူမျှမပိတ်နိုင်ရာ။ **(ဗျာဒိတ် ၃း၈)**

သို့ရာတွင် သင်သည် မပူမအေး နွေးရုံသာရှိသဖြင့် သင့်အား ငါ၏ခံတွင်းမှ ထွေးထုတ်မည်။ **(ဗျာဒိတ် ၃း၁၆)**

ငါသည် မိမိချစ်သောသူအပေါင်းတို့အား ဆုံးမ၍ အပြစ်ဒဏ်ပေးတတ်၏။ ငါသည် အောင်မြင်၍ ငါ့ခမည်းတော်၏ပလ္လင်ပေါ်မှာ ကိုယ်တော်နှင့်အတူ ထိုင်နေသကဲ့သို့ အောင်မြင်သူအား ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်ရသောအခွင့်ကို ငါပေးမည်။ **(ဗျာဒိတ် ၃း၁၉-၂၁)**

# ယနေ့တွင် ယေရှုမည်သည်ကို လုပ်ဆောင်နေသနည်း

သို့သော် ခရစ်တော်မူကား အပြစ်များကိုဖြေရန် အခါခပ်သိမ်းအတွက် ယဇ်တစ်ခု တည်းကို ပူဇော်တော်မူပြီးနောက် ဘုရားသခင်၏လက်ယာတော်ဘက်တွင် ထိုင်တော် မူ၏။ **(ဟေဗြဲ ၁၀:၁၂)**

ငါတို့၌ ဘုရားသခင်၏ သားတော်သခင်ယေရှုတည်းဟူသော ကောင်းကင်ဘုံသို့ ကြွဝင်တော်မူသည့် ကြီးမြတ်သောယဇ်ပရောဟိတ်မင်း ရှိတော်မူသောကြောင့် ငါတို့သည် မိမိတို့၏ဘာသာတရားကို စွဲမြဲစွာ ဆုပ်ကိုင်ထားကြကုန်အံ့။ ငါတို့၏ ယဇ်ပရောဟိတ်မင်းသည် ငါတို့၏အားနည်းချက်များအတွက် မကြင်နာနိုင်သူမဟုတ်။ ငါတို့နည်းတူ စုံစမ်းသွေးဆောင်ခြင်းအမျိုးမျိုးကို ခံခဲ့ရသူဖြစ်သော်လည်း အပြစ်ဒုစရိုက်နှင့် ကင်းလွတ်တော်မူ၏။ သို့ဖြစ်၍ ကူညီရန်လိုအပ်ချိန်၌ ကရုဏာတော်နှင့် ကျေးဇူးတော်ကိုခံစားခြင်းငှာ ငါတို့သည် ရဲရင့်သောစိတ်နှင့်ကျေးဇူးတော်ရှိရာ ဘုရားသခင်၏ပလ္လင်တော်သို့ တိုးဝင်ချဉ်းကပ်ကြစို့။ **(ဟေဗြဲ ၄:၁၄-၁၆)**

သို့ရာတွင် သခင်ယေရှုမူကား နိစ္စထာဝရအသက်ရှင်တော်မူသဖြင့် သူ၏ ယဇ်ပရောဟိတ်ရာထူးသည်လည်း အခြားလက်သို့ မကူးပြောင်းနိုင်တော့ပေ။ သို့ဖြစ်၍ ကိုယ်တော်သည် မိမိကိုအမှီပြု၍ ဘုရားသခင်တော်သို့ ချဉ်းကပ်ကြသူအပေါင်းတို့အား အခါခပ်သိမ်းကယ်တင်တော်မူနိုင်၏။ အဘယ်ကြောင့်ဆိုသော် ကိုယ်တော်သည် ထိုသူတို့ အတွက် ဘုရားသခင်ထံတော်တွင် အသနားခံရန် ထာဝစဉ်အသက်ရှင်လျက် ရှိတော်မူသောကြောင့်တည်း။ **(ဟေဗြဲ ၇:၂၄-၂၅)**

ဘုရားသခင်က "ငါသည်သင့်ကို အဘယ်အခါမျှမစွန့်၊ အဘယ်အခါ၌မျှ ပစ်၍မထား" ဟု မိန့်တော်မူ၏။ ထို့ကြောင့် "ထာဝရဘုရားသည် ငါ့ကိုမစတော်မူသောအရှင်ဖြစ်တော်မူသဖြင့် ငါသည် ကြောက်လန့်လိမ့်မည်မဟုတ်။ လူသည် ငါ့ကို အဘယ်သို့ပြုနိုင်သနည်း" ဟု ငါတို့သည် ရဲရင့်သောစိတ်နှင့် ပြောဆိုကြစို့။ **(ဟေဗြဲ ၁၃:၅-၆)**

# ယေရှုက ပြန်လည်ကြွလာတော်မူမည့်အကြောင်း ကတိတော် ထားရှိခြင်း

ယေရှုက "သင်တို့ထံသို့ ငါပြန်လာ၍ ငါရှိရာအရပ်တွင် သင်တို့ရှိနိုင်ကြစေရန် သင်တို့ကို ငါ့ထံသို့ခေါ်ဆောင်မည်" ဟု မိန့်တော်မူ၏။ **(ယောဟန် ၁၄း၃)**

ကြွေးကြော်အမိန့်ပေးသံ၊ ကောင်းကင်တမန်မင်း၏ ဟစ်သံ၊ ဘုရားသခင်၏ တံပိုးတော်မှုတ်သံကိုကြားရသောအခါ သခင်ဘုရားကိုယ်တော်တိုင် ကောင်းကင်ဘုံမှ ဆင်းသက်ကြွလာတော်မူလိမ့်မည်။ ခရစ်တော်ကိုယုံကြည်၍ သေလွန်သူများသည် ဦးစွာ ရှင်ပြန်ထမြောက်ကြလိမ့်မည်။ ထို့နောက် အသက်ရှင်လျက်ကျန်ရစ်သော ငါတို့သည် အာကာသတွင် သေလွန်သူတို့နှင့်အတူ သခင်ဘုရားနှင့်တွေ့ဆုံရန် မိုးကောင်းကင်သို့ ယူဆောင်ခြင်းကို ခံရကြလိမ့်မည်။ ဤနည်းအားဖြင့် ငါတို့သည် သခင်ဘုရားနှင့်အတူ အစဉ်အမြဲနေရကြပေအံ့။ **(၁ သက် ၄း၁၆-၁၇)**

လျှပ်စီးလက်၍ အရှေ့အရပ်မှ အနောက်အရပ်သို့တိုင်အောင် ကောင်းကင် တစ်ပြင်လုံးထွန်းလင်းစေသကဲ့သို့ လူသားကြွလာတော်မူလိမ့်မည်။ ထိုအခါ လူသား ကြွလာတော်မူမည့် နိမိတ်လက္ခဏာသည် မိုးကောင်းကင်တွင် ပေါ်ထွန်းလာလိမ့်မည်။ မိုးတိမ်ကိုစီးလျက် ကြီးစွာသောဘုန်းတန်ခိုးတော်ဖြင့် လူသားကြွလာတော်မူသည်ကို ကမ္ဘာပေါ်ရှိ လူအပေါင်းတို့သည် မြင်ကြသောအခါ ငိုကြွေးမြည်တမ်းကြလိမ့်မည်။ ထို့နောက် လူသားသည် ကြီးမားသော တံပိုးခရာကို မှုတ်စေပြီးလျှင် မိမိ၏ကောင်းကင် တမန်များအား အရပ်လေးမျက်နှာသို့စေလွှတ်၍ ကမ္ဘာမြေကြီးတစ်စွန်းမှ တစ်စွန်းအထိ ရှိသော ကိုယ်တော်ရွေးချယ်ထားတော်မူသောသူတို့ကို သိမ်းစေတော်မူလိမ့်မည်။ **(မဿဲ ၂၄း၂၇၊၃၀-၃၁)**

လူသားသည် ခမည်းတော်၏ ဘုန်းအသရေကိုဆောင်လျက် ကောင်းကင်တမန် များနှင့်အတူ ကြွလာတော်မူလတ္တံ့။ ထိုအခါ လူအပေါင်းတို့သည် မိမိတို့၏ အကျင့် အလျောက် အကျိုးအပြစ်ကို ပေးဆပ်တော်မူလိမ့်မည်။ **(မဿဲ ၁၆း၂၇)**

# ယေရှုသည် ကမ္ဘာလောကကို တရားစီရင်တော်မူ လိမ့်မည်

ဘုရားသခင်သည် ယခုအခါ၌ နေရာအရပ်ရပ်မှ လူအပေါင်းတို့အား နောင်တရစေခြင်းငှာ အမိန့်ပေးတော်မူပြီး အဘယ်ကြောင့်ဆိုသော် ကိုယ်တော်ရွေးချယ်ခန့်ထားတော်မူသော အရှင်အားဖြင့် လောကသားတို့ကို ဖြောင့်မှန်စွာတရားစီရင်တော်မူမည့်နေ့ရက်ကို သတ်မှတ်တော်မူပြီးသောကြောင့်တည်း။ ထိုသို့ဖြစ်မည်အကြောင်းကို ထိုအရှင်အား သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူသောအားဖြင့် လူအပေါင်းတို့အား ခိုင်လုံသော သက်သေပြတော်မူပြီ။ **(တမန်တော် ၁၇း၃၀-၃၁)**

တရားစီရင်ရာနေ့ရက်ရောက်သောအခါ "သခင်၊ သခင်၊ အကျွန်ုပ်တို့သည် ကိုယ်တော်၏နာမတော်ကို အမှီပြု၍ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဟောကြားခဲ့ကြ သည်မဟုတ်ပါလော။ ကိုယ်တော်၏နာမတော်ကို အမှီပြု၍ နတ်မိစ္ဆာများကို နှင်ထုတ် ခဲ့ကြသည်မဟုတ်ပါလော။ ကိုယ်တော်၏နာမတော်ကို အမှီပြု၍ အံ့ဩဖွယ်အမှုအရာ များကို ပြုခဲ့ကြသည်မဟုတ်ပါလော" ဟု လူအများပင် ငါ့အားပြောကြားကြလိမ့်မည်။ ထိုအခါ "ဆိုးသွမ်းသူတို့၊ သင်တို့ကို အဘယ်အခါကမျှ ငါမသိ။ ငါ့ထံမှ ထွက်သွား ကြလော့" ဟု ထိုသူတို့အားငါပြောမည်။

**(မဿဲ ၇း၂၂-၂၃)**

ငါတို့အားလုံးသည် မိမိတို့ပြုခဲ့သမျှကို ဘုရားသခင်အား အစီရင်ခံကြရမည်။

**(ရောမ ၁၄း၁၂)**

ညဥ့်သန်းခေါင်တွင် သူခိုးလာသကဲ့သို့ ထာဝရဘုရား၏နေ့ရက်သည် ကျရောက်လာလိမ့်မည်။ ယင်းနေ့ရက်၌ မိုးကောင်းကင်သည်အသံမြည်ဟည်းလျက်၊ ပျောက်ကွယ်သွားလိမ့်မည်။ ကြယ်တာရာများသည်လည်း ကျွမ်းလောင်ကြလိမ့်မည်။ ထိုအခါ ကမ္ဘာမြေကြီးနှင့်တစ်ကွ မြေပေါ်တွင်ရှိသမျှအရာတို့သည် ပျောက်ကွယ်သွားလိမ့်မည်။ ဤအရာအားလုံးတို့သည် ဤသို့ပျက်စီးသွားရမည်ဆိုပါမူ သင်တို့သည် အဘယ်သို့သောသူများဖြစ်သင့်ကြသနည်း။ သို့ရာတွင် ငါတို့သည် ဘုရားသခင်ကတိထားတော်မူသည့် ဖြောင့်မတ်ခြင်းတရားတည်ရာ မိုးကောင်းကင်သစ်နှင့် မြေကြီးသစ်ကို စောင့်မျှော်လျက်နေကြ၏။ **(၂ ပေ ၃း၁၀-၁၃)**

# ယေရှုသည် ကမ္ဘာလောကကို ထာဝရအုပ်စိုးတော်မူလိမ့်မည်

ဘုရားသခင်သည် ကိုယ်တော်အား အထက်ဘဝင်သို့တိုင်အောင် ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက်ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ ထို့ကြောင့် မိုးနှင့်မြေအောက်ရှိ သတ္တဝါအပေါင်းတို့သည် သခင်ယေရှု၏နာမတော်ကို ရိုသေ ဦးညွှတ်လျက် ယေရှုခရစ်သည် အရှင်သခင်ဖြစ်သည်ဟု နှုတ်ဖြင့်ဝန်ခံသဖြင့် ခမည်းတော် ဘုရားသခင်၏ ဘုန်းအသရေတော်ကို ထွန်းတောက်စေကြလိမ့်မည်။ **(ဖိလိပ္ပိ ၂း၉–၁၁)**

ညဥ့်သန်းခေါင်ယံချိန် ငါသည် အာရုံပြုနေစဉ် လူသားနှင့်တူသောသူ တစ်ဦးသည် မိုးတိမ်ကိုစီးလျက် ရောက်လာတော်မူ၏။ တိုင်းနိုင်ငံတကာတွင် နေထိုင်သော ဘာသာစကားအမျိုးမျိုးပြောဆိုသော လူမျိုးတကာတို့ကိုအုပ်စိုးစေခြင်းငှာ ထိုသူသည် နိုင်ငံနှင့် တကွ အာဏာစက်တန်ခိုးကိုရ၏။ ထိုသူ၏အာဏာစက်တော်သည် ပျက်စီးပျောက်ကွယ်မသွားဘဲ ကမ္ဘာအဆက်ဆက်တိုင်အောင်တည်၍ နိုင်ငံတော်သည်လည်း ပျက်စီးခြင်းသို့မရောက်နိုင်ရာ။ **(ဒံယေလ ၇း၁၃–၁၄)**

အသေသတ်ခြင်းခံရသော သိုးသူငယ်တော်သည် တန်ခိုး၊ စည်းစိမ်ချမ်းသာ၊ ဉာဏ်ပညာ၊ ခွန်အားစွမ်းရည်၊ ဂုဏ်သရေ၊ ဘုန်းအာနုဘော်၊ ချီးမွမ်းခြင်းတို့ကို ခံထိုက်တော်မူပါ၏။ **(ဗျာဒိတ် ၅း၁၂)**

ထိုစဉ် မိုးကောင်းကင်မှ ကျယ်လောင်စွာသောအသံဖြင့် "ကမ္ဘာလောကကို အုပ်စိုးသောအာဏာသည် ငါတို့အရှင်နှင့် ကိုယ်တော်မေရှိယလက်ထဲသို့ ရောက်လာလေပြီ။ ကိုယ်တော်သည် ကမ္ဘာအဆက်ဆက် စိုးစံတော်မူလိမ့်မည်" ဟူသော အသံကို ကြားရ၏။ **(ဗျာဒိတ် ၁၁း၁၅)**

# ယေရှုသည် သင့်အားသူ့ထံသို့ လာရောက်စေလိုသည်

ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့၊ ငါ့ထံသို့လာကြလော့။ ငါသည် သုခချမ်းသာပေးမည်။ ငါသည် နူးညံ့သိမ်မွေ့၍ စိတ်နှလုံးနှိမ့်ချ၏။ ထို့ကြောင့် ငါတင်သော ထမ်းပိုးကိုထမ်း၍ ငါ၏ထံတွင် နည်းနာခံယူကြလော့။ သင်တို့သည် သုခချမ်းသာရရှိကြလိမ့်မည်။ **(မဿဲ ၁၁:၂၈-၂၉)**

ငါသည် တံခါးရှေ့တွင်ရပ်၍ တံခါးခေါက်လျက်နေ၏။ ငါ၏အသံကို ကြား၍ တံခါးကိုဖွင့်သောသူ၏အိမ်သို့ ငါဝင်ပြီးလျှင် သူနှင့်အတူစားသောက်မည်။ သူသည်လည်း ငါနှင့်အတူ စားသောက်ရလိမ့်မည်။ **(ဗျာဒိတ် ၃:၂၀)**

လူအချို့တို့ ထင်မှတ်သကဲ့သို့ ထာဝရဘုရားသည် မိမိ၏ကတိတော်ကို အကောင်အထည်ဖော်ရန် နှောင့်နှေးလျက်နေတော်မူသည်မဟုတ်။ မည်သူမျှမပျက်စီးဘဲ လူတိုင်းနောင်တရစေရန် အလိုတော်ရှိ၍ သင်တို့ကိုသည်းခံတော်မူပေသည်။ **(၂ ပေ ၃:၉)**

ခမည်းတော် ငါ့အားပေးအပ်တော်မူသော သူအပေါင်းတို့သည် ငါ့ထံသို့ လာကြလိမ့်မည်။ ငါ့ထံလာသောသူကို ငါသည် ပစ်ပယ်လိမ့်မည်မဟုတ်။ **(ယောဟန် ၆:၃၇)**

ထာဝရဘုရား၏နာမတော်ကို အမှီပြု၍ ဆုတောင်းပတ္တနာပြုကြသူအပေါင်းတို့သည် ကယ်တင်တော်မူခြင်းကို ခံကြရလိမ့်မည်။ **(တမန်တော် ၂:၂၁)**

ကယ်တင်ရာ နေ့ရက်ကာလသည် ယနေ့ပင်ဖြစ်သည်။ **(၂ ကော ၆:၂)**

ရေငတ်သူသည် ငါ့ထံသို့ လာပါစေ။ အသက်ရေကို အလိုရှိသူသည် အခမဲ့ယူပါစေ။ **(ဗျာဒိတ် ၂၂:၁၇)**

# သင်သခင်ယေရှုနှင့် မည်ကဲ့သို့ ခေတ်ထိုင်ရမည်နည်း။

သားတော်ကိုယုံကြည်သူသည် ထာဝရအသက်ကိုရ၏။ သားတော်၏စကားကို နားမထောင်သူမူကား အသက်ကိုမရဘဲ ဘုရားသခင်၏အမျက်တော်သင့်သူဖြစ်လိမ့်မည်။

**(ယောဟန် ၃း၃၆)**

ဤမျှထူးမြတ်သည့် ကယ်တင်ခြင်းတရားတော်ကို ငါတို့ဂရုမစိုက်ဘဲနေကြမူ အဘယ်သို့လျှင် ငါတို့သည် အပြစ်ဒဏ်စီရင်ခြင်းနှင့် ကင်းလွတ်နိုင်ကြပါမည်နည်း။

**(ဟေဗြဲ ၂း၃)**

သို့ရာတွင် လူအချို့တို့သည် ကိုယ်တော်ကိုယုံကြည်လက်ခံသဖြင့် ဘုရားသခင်၏ သားသမီးများဖြစ်ခွင့်ကိုရကြ၏။ **(ယောဟန် ၁း၁၂)**

သို့ဖြစ်၍ သင်တို့သည် ညစ်ညမ်းသည့်အလေ့အထနှင့် ဆိုးယုတ်သည့်အကျင့် မှန်သမျှတို့ကို ပယ်ရှားကြလော့။ သင်တို့၏စိတ်အတွင်း၌ ဘုရားသခင်သွင်းပေးတော်မူသော တရားတော်သည် သင်တို့ကိုကယ်တင်နိုင်၏။ တရားတော်ကို သိမ်မွေ့စွာ ခံယူကြလော့။ **(ယာကုပ် ၁း၂၁)**

သင်တို့သည် သခင်ယေရှုအရှင်သခင်ဖြစ်တော်မူကြောင်းကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် ထိုအရှင်အား သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူကြောင်းကို စိတ်နှလုံးထဲ၌ယုံကြည်ကြလျှင် ဘုရားသခင်သည် သင်တို့ကိုကယ်တင်တော်မူလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နှင့် မှန်ကန်စွာ ဆက်သွယ်ခွင့်ရ၍ နှုတ်ဖြင့်ဝန်ခံခြင်းအားဖြင့် ကယ်တင်ခြင်းခံရသောကြောင့်ဖြစ်၏။

**(ရောမ ၁၀း၉–၁၀)**

# ဆုတောင်းရန်နည်းလမ်း

မေတ္တာတော်ရှင်ယေရှု၊

ကိုယ်တော် ကျွန်ုပ်တို့၏အပြစ်များအတွက် ကားတိုင်တွင်အသေခံ၍ ပေးဆပ်ခဲ့ခြင်းကို ကျေးဇူးတင်ရှိပါ၏။ ကျွန်ုပ်မှားယွင်းစွာ ပြုမူခဲ့သည့်အတွက်ကြောင့် တောင်းပန် အပ်ပါ၏။ ကျွန်ုပ်၏ အရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ် နှလုံးအိမ်ဝယ် ယခုပင် ကိုယ်တော်အား လက်ခံပါ၏။ ကျွန်ုပ်အား ဘုရားသခင်၏ သားသမီးဖြစ်ခွင့်ကို ပေးမည့် ကိုယ်တော်၏ကတိတော်ကို ယုံကြည်ပါ၏။ ကျွန်ုပ်၏ နေ့စဉ်အသက်တာတွင် ရှင်သန်ခြင်းအတွက်ခွန်အားကို ကိုယ်တော်ပေးသနားတော်မူမည်ကို ယုံကြည်ပါ၏။

ကိုယ်တော်၏နာမကို အမှီပြု၍ ဆုတောင်းပါ၏။ အာမင်။



Published in numerous languages by World Missionary Press, Inc., as God supplies funds in answer to prayer.
**For questions or more information by country, visit: www.wmp-contacts.org**

**အခမဲ့ – ရောင်းရန်မဟုတ်**

Circulation within the Church

(အသင်းတော်တွင်းဖြန့်ဝေ)

World Missionary Press
PO Box 120
New Paris, IN 46553-0120 USA
www.wmpress.org

1-25

Read booklets online or by App
www.wmp-readonline.org
1615/2 Burmese ALC